မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၅၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသော မစ္စတာ ရှင်ဇိုအာဘေး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရထားစီးခရီးသည်များ သက်သောင့်သက်သာရှိပြီး အဆင့်အတန်းရှိသော လူစီးတွဲများနှင့် ခိုင်ခံ့သော ကုန်တွဲများ လုံးလုံးလျားလျား ထုတ်လုပ်နိုင်အောင် ဆောင်ရွက် ပညာရှင်များနှင့်ဝန်ထမ်းများ မိမိတို့၏အတတ်ပညာနှင့် အတွေ့အကြုံများကို အခြေခံ ဒီဇယ်စက်ခေါင်းတစ်ခုလုံး တည်ဆောက်နိုင်အောင် တီထွင်ကြံဆ ကြိုးပမ်းအားထုတ်

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ-မြစ်ငယ်ကို လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်ရှိ ဒီဇယ် စက်ခေါင်းစက်ရုံ-ရွာထောင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ-မြစ်ငယ်သို့ ရောက်ရှိစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လူစီးတွဲနှင့်ကုန်တွဲစက်ရုံ-မြစ်ငယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

နှလုံးသန်မာမှ သက်ရှည်ကျန်းမာမည်

ကမ္ဘာပေါ်တွင် နှလုံးရောဂါကြောင့် လူများသေဆုံးရမှု အများဆုံးဖြစ်သည်။ နှလုံးရောဂါသည် ကမ္ဘာ့နံပါတ်(၁) လူသတ်သမားဖြစ်နေသည်။

ကမ္ဘာ့နှလုံးရောဂါ စောင့်ရှောက်ရေးအဖွဲ့ကြီးက ကမ္ဘာ့ပြည်သူများ နှလုံးရောဂါ မဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းကာကွယ်နိုင်ရန် ပညာပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။ လူတိုင်းလူတိုင်း ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စနစ်တကျ ချင့်ချိန်စားသောက်ခြင်းတို့ဖြင့် နှလုံးရောဂါနှင့် ဦးနှောက်သွေးကြောရောဂါ ဖြစ်ပွားခြင်းတို့မှ ကင်းဝေးနိုင်ပေသည်။

လူတိုင်း အသက်အရွယ်ကြီးရင့်လာသောအခါ နှလုံးသည် အိုမင်းရင့်ရော်လာပြီး နှလုံးရောဂါ ရလာနိုင်သည်။ ထို့ကြောင့် စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်သည်။ အရွယ်ရောက်ပြီးသူ တစ်ဦးအတွက် တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်းနှင့် ဟင်းသီးဟင်းရွက်များစွာ ပါဝင်သော အစားအစာများကို စားသောက်ကြခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်စေသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းကြောင့် ကိုယ်အလေးချိန် အသင့်အတင့် ကျဆင်းစေသည်။ နှလုံးသွေးကြောရောဂါ ဖြစ်ပွားစေသည့် သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်းတို့ကို ထိန်းသိမ်းနိုင်သည်။

ငန်လွန်း၊ ချိုလွန်းပြီး ပြည့်ဝဆီများပြားသော အစားအသောက်များကို ရှောင်ကြဉ်၍ အဆီမပါသော သား၊ ငါး၊ ပဲနှင့် ပဲတောင့်ရှည်များ၊ ဟင်းရွက်ဆီနှင့် အသီးအနှံများကို ပိုမိုစားသုံးကြရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းစားခြင်းနှင့် ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းတို့သည် ရုတ်တရက် နှလုံးသွေးကြောပိတ်ဆို့ခြင်း ဖြစ်ပွားစေသည်။ ရက်သတ္တပတ်လျှင် ဆေးလိပ်မီးခိုးငွေ့ ခုနစ်နာရီခန့် ရှူရှိုက်နေရပါက နှလုံးသွေးကြောပိတ်ဆို့မှုဖြစ်ပွားနိုင်ချေ ၂၄ ရာခိုင်နှုန်းရှိသည်။

နှလုံးကျန်းမာမှ အသက်ရှည်စွာ နေထိုင်နိုင်မည်ဖြစ်ရာ လူတိုင်းလူတိုင်း ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို စနစ်တကျ စားသုံးခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ ဆေးလိပ်သောက်သုံးမှု ရှောင်ကြဉ်ခြင်းဖြင့် နှလုံးရောဂါဘေးကင်းဝေး၍ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်မည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ အမှတ်(၃)ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာစခန်း၌ ကုန်ပစ္စည်းများအား စစ်ဆေးရေး အဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သွင်းကုန်/ထုတ်ကုန်ပစ္စည်းများ စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး ဂရုစိုက်

ကုန်သေတ္တာများတင်ချရာတွင် အန္တရာယ်ကင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၆

ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ အမှတ်(၃)ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာစခန်း၌ ကုန်ပစ္စည်းများ သင်္ဘောပေါ်သို့ တင်ချနေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်/ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် လုပ်ငန်းများ မှန်ကန်ချောမွေ့မှုဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် ကုန်သေတ္တာများ တင်ချရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့မှုရှိစေရေးတို့ကို မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဆူးလေအမှတ်တံတား(၆)၌ ဆိုက်ကပ်ထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ မကွေးသင်္ဘောပေါ်မှ ဘီလပ်မြေအိတ်များကို ဆိပ်ကမ်းသို့ချနေမှုနှင့် မော်လမြိုင်သင်္ဘောပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၉-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၃၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	**သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -ထူးချွန်ထင်ရှားတပည့်များ (အပိုင်း-၁)
	၁၉။	English Usage
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၁၂)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၇-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	နိုင်ငံတကာအနုပညာရေးရာ
၇း၁၀	တေးဂီတအစီအစဉ်
၇း၃၅	စားချင်စရာ ငါးချဉ်အရသာ
၇း၅၅	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	Mr & Ms Quench 2006 (ဒုတိယပိုင်း)
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	မိုးလေဝသခန့်မှန်းချက်
၈း၄၅	ဆီစားသုံးခြင်းနှင့် ဝဖြိုးမှုအန္တရာယ်
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ယဉ်မင်းဦး (ဆေးတက္ကသိုလ်)]
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၉း၄၀	Midweek Sports' News
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	သကြားလုံးစက်ရုံ (ကျောက်ဆည်)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ခွာနာလျှာနာရောဂါ ကာကွယ်ပေးပါ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ဂန္ထဝင်တေးသံရှင် မောင်မောင်ကြီးနှင့် တွေ့ဆုံခြင်း
၁၁း၁၀	"Myanmar Video" "Rhythm
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	**အဲဒီမှာစတွေ့တာပဲ (မင်းအုပ်စိုး၊ နှင်းဝတ်ရည်သောင်း၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်)**
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၅၅	Spartak Moscow-Sporting Lisbon	5-Sports (Live)
၁၂း၃၀	Liverpool-Galatasaray	5-Series (Live)
၁း၀၀	Inter Milan-Bayern Munich	5-Sports (Live)

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံများတည်ဆောက်ပေးပြီးဖြစ် အနာဂတ်၌ နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်သေချာ နိုင်ငံတော်အား အဖျက်သမားများ သုံးဖက်သုံးတန် ညှပ်တိုက်နေမှုသတိပြု

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပုဏ္ဏားကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်ပြီးစီးသွားသည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်နှင့် လေးလက်မ ရေတင်စက် အသုံးပြုနိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ ပုဏ္ဏားကျေးရွာရှိ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်မှာ ဒိုင်နမို ၁၅ကီလိုတပ်ဆင်ထား၍ အိမ်ခြေ ၁၅၀ကို လျှပ်စစ်မီးပေးဝေထားပြီး လေးလက်မ ရေတင်စက်ဖြင့်လည်း လယ်ယာလုပ်ငန်းများအတွက် လယ်ဧက ၇၀ကို ရေပေးဝေထားကြောင်းနှင့် အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်တွင် ဆန်စက်ငယ်တစ်လုံးကိုပါ တွဲဖက်၍ စပါးများကို ကြိတ်ခွဲပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုဏ္ဏားကျေးရွာ ယာယီမဏ္ဍပ်၌ ဒေသခံများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပုဏ္ဏားကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာ၊ တောရောင်းကျေးရွာ၊ ပဇင်းချောင်းကျေးရွာနှင့် ထလင်းကျေးရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်း အင်အား ၂၃၀၀ကျော်တို့ တက်ရောက်ကြသည်။

ယင်းတွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၁၇စောင်ကို ကျေးရွာစည်းရုံးရေးမှူး ဦးတင်သန်းက ပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လက်ခံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာများမှ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူသုံးဦးတို့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ပြီး လယ်မြေဧက၃၀ကို ထပ်မံရေပေးဝေနိုင်ရန်အတွက် ၆လက်မပန့်ပြောင်းလဲတပ်ဆင်ရန် အလှူငွေကျပ်နှစ်သိန်းကို ကျေးရွာစည်းရုံးရေးမှူး ဦးတင်သန်းအား ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ကျေးလက်ပြည်သူများအတွက် စောင်များ၊အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ ခြင်ဆေးခွေနှင့် ဆပ်ပြာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် သုတ ရသမျိုးစုံ၊ ဂျာနယ်မဂ္ဂဇင်း စာအုပ်စာစောင်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တည်ဆောက်ထားသော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲသို့ တက်ရောက်အားပေး၍ ဖွင့်လှစ်ပေးသည်။

အဆိုပါစပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်မှာ ဒိုင်နမို ကီလို ၅၀ ရှိပြီး ထီးလင်းမြို့ပေါ်ရှိ ရပ်ကွက်များသို့ နှစ်ပေမီးချောင်း ၂၁၉ ချောင်းနှင့် ရုပ်မြင်သံကြားဖမ်းစက် အလုံး ၂၀၊ ရေခဲသေတ္တာ ၁၀ လုံးနှင့် ဗီဒီယိုတစ်ရုံ၊ ကာရာအိုကေလုပ်ငန်း တစ်ခုတို့ကို ဖြန့်ဝေအသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့ရှိ ရွှေထီးခန်းမ၌ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ထီးလင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ထီးလင်းမြို့နှင့် သရခါကျေးရွာ၊ ကျင်းကျေးရွာတို့မှ ပြည်သူလူထုအင်အား စုစုပေါင်း ၁၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက အသင်းဝင်အဆိုပြုလွှာ အစောင်၅၅၀ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးထံ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၀ စုစုပေါင်း ဂုဏ်ထူးရှင် ၂၈ ဦးတို့အား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက စောင်များ၊ အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ဆေးခွေနှင့် ဆပ်ပြာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် သုတရသစုံဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံနှင့် စာအုပ်စာစောင်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက စာသင်ခုံများလိုအပ်နေ သော စာသင်ကျောင်းများအတွက် စာသင်ခုံများ ပြုလုပ်လှူဒါန်းရန် ငွေကျပ် ၇၈၀၀၀၀ကိုဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်မြင့်ထံသို့လည်းကောင်း၊ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် စည်းရုံးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် နှစ်သိန်းစီကို လည်းကောင်း၊ ပြုလုပ်ပြီး စာသင်ခုံများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့အတူ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင်လည်း ညောင်ဦးမြို့နယ် ပခုက္ကူမြို့နယ်ရှိ ကျက်တိုးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တုစလောင်းစက် လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ပေးအပ်လှူဒါန်း

အဆိုပါ လှူဒါန်းပွဲတွင် ကျေးလက်ပြည်သူများက စုပေါင်းလှူဒါန်းသော ငွေကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တုစလောင်းတို့ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတို့က ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးက အဆိုပါ ကျက်တိုးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်အတွက် သုတ၊ ရသစုံ ဂျာနယ်မဂ္ဂဇင်းများကို ပေးအပ်လှူဒါန်းပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မကွေးတိုင်းအတွင်းရှိ ကျေးရွာများသို့သွားရောက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးပြီး ဒေသခံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမှာစကားပြောကြားရာတွင် တပ်မတော်အစိုးရ တာဝန်ယူသည့် (၁၈)နှစ်ကာလအတွင်း နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်သိမြင်တွေ့ရှိနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အသွင်သဏ္ဍာန်ရော၊အနှစ်သာရပါ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာလုပ်ငန်းဖွံ့ဖြိုးရန်အတွက် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရန်အတွက် ရေရရှိမှုက အရေးကြီးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် တည်ဆောက်၍ရနိုင်မည့် နေရာများ၌ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆည်မြောင်း တာတမံကြီး ၁၈၇ ခုကို တည်ဆောက်ပြီးခဲ့ပြီး တည်ဆောက်နေဆဲ ၂၃ ခု ရှိကြောင်း၊ နောက်ထပ်ဆောင်ရွက်ရန် ၁၀ ခုကိုလည်း လျာထားစီစဉ်ပြီး ဖြစ်ကြောင်း၊ ဆည်မရနိုင်သည့် နေရာများတွင် မြစ်ရေတင်စီမံကိန်း ၂၉၃ ခုကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ မြေအောက်ရေတွင်းပေါင်း ၇၅၃၅ ခုကို တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆက်သွယ်ဖောက်လုပ်ပေး

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ အတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆက်သွယ်ထားသည့် လမ်းသစ်များကိုလည်း ဆက်သွယ်ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ တောင်ပိုင်း ကော့သောင်းမှ မြန်မာနိုင်ငံ မြောက်ပိုင်း မြစ်ကြီးနားအထိ ကားဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးထားပြီးဖြစ်ကြောင်း၊ ရထားလမ်းပိုင်း အသစ်များကိုလည်း တိုးချဲ့ဆောက်လုပ်ပေးပြီး ဖြစ်၍ ဒေသခံပြည်သူများ လွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှုများပိုမိုမြန်ဆန်လာပြီဖြစ်ကြောင်း။

ပညာရေး ကဏ္ဍတွင်လည်း ကျေးရွာတိုင်း၌ အခြေခံပညာ မူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းများ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်တိုင်း၌ အခြေခံပညာ အထက်တန်းကျောင်းများရှိပြီး ပြည်နယ်နှင့်တိုင်း အနှံ့တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း။

ပညာရည်မြင့်မားရေး

ပညာရည်မြင့်မားစေရန် အတွက် နိုင်ငံတော်က အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသားကျောင်းသူများအတွက်သာမက ကျေးလက် ပြည်သူများ ပညာရည် မြင့်မားစေရေး၊ ဗဟုသုတပညာများ ရရှိစေရေးတို့အတွက် ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော အခြေခံအဆောက်အအုံ အားလုံးနီးပါးကို တည်ဆောက်ပေးပြီးဖြစ်၍ အနာဂတ်ကာလတွင် နိုင်ငံတော်၏ အခြေအနေသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ သေချာကြောင်း။

တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မလိုလားကြသော ပြည်တွင်းပြည်ပအဖျက်သမားများက ပြည်တွင်းဆူပူမှုများဖြစ်အောင် ဖန်တီးနေကြကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်တိုးတက်မှုကို ဟန့်တားနှောင့်ယှက်လျက်ရှိကြောင်း၊ပြည်တွင်းရှိအဖွဲ့အစည်းတစ်ခုက ပိတ်လေးပိတ်၊ အလုံးစုံပျက်သုဉ်းရေးနှင့် အမိန့်ဟူသမျှ ဖီဆန်ကြမှုတို့ကို ကျင့်သုံးနေကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများက နိုင်ငံတော်အား နိုင်ငံရေးတိုက်ကွက်၊ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်တို့ဖြင့် သုံးဖက်သုံးတန် ညှပ်တိုက်နေကြောင်း၊ ထိုအခြေအနေများကို ပြည်သူတစ်ရပ်လုံးက သတိပြုပြီး အဖျက်သမားများ၏ အန္တရာယ်ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့နှင့်အတူ လက်တွဲ၍ အဖျက်သမားများ၏ရန်ကို တားဆီးကာကွယ်ချေမှုန်းကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ပုဏ္ဏားကျေးရွာ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ပုဏ္ဏားကျေးရွာ ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဇင်ဘာဘွေတွင် တရုတ်မော်တော်ယာဉ်များဖြန့်ဖြူးရောင်းချမည်

ဟာရာရေး စက်တင်ဘာ ၂၆

ဇင်ဘာဘွေနိုင်ငံတွင် တရုတ်နိုင်ငံထုတ်မော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရန်အတွက် တရုတ်နိုင်ငံ၏ ရှန်ကိုင်းမော်တော်ယာဉ်လုပ်ငန်းနှင့် ဇင်ဘာဘွေနိုင်ငံ၏ ဘီလ်ဂရာဗီရာ မော်တော်ယာဉ်ကုမ္ပဏီတို့ သဘောတူညီမှုစာချုပ် တစ်ရပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံတွင် မော်တော်ယာဉ် လိုအပ်ချက်များ ရှိနေမှုကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဇင်ဘာဘွေနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်လာမှုကို အားပေးမြှင့်တင်ခြင်းလည်းဖြစ်ကြောင်း ဘီလ်ဂရာဗီရာ မော်တော်ယာဉ်ကုမ္ပဏီက ပြောကြားသည်။

အကောင်အထည်ဖော်

ယခုကဲ့သို့ တရုတ်မော်တော်ယာဉ်များ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်းမှာ ဇင်ဘာဘွေအစိုးရ၏ အရှေ့သို့ ကြည့်ခြင်းမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ခြင်း တစ်ရပ်ပင်ဖြစ်ကြောင်းလည်း ၎င်းကုမ္ပဏီက ပြောကြားသည်။

တင်သွင်းသွားမည်

ထို့အပြင် တရုတ်နိုင်ငံ၏အခြားထုတ်ကုန်ပစ္စည်း အများအပြားကိုလည်း ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော စင်ကာပူဝန်ကြီးချုပ် လီရှင်လွန်းအား ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်တန်ဒန်နှင့်အတူ စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

စင်ကာပူဝန်ကြီးချုပ် ဗီယက်နမ်သို့ အလည်အပတ်ရောက်ရှိ

စင်ကာပူ စက်တင်ဘာ ၂၆

စင်ကာပူဝန်ကြီးချုပ်လီရှင်လွန်းသည် ဗီယက်နမ်နိုင်ငံသို့ စက်တင်ဘာ ၂၅ရက်မှစ၍ နှစ်ရက်ကြာ အလည်အပတ်ခရီး ရောက်ရှိလာကြောင်း နယူးအာရှသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မျှော်လင့်

မစ္စတာလီသည် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်၏ ဖိတ်ကြားချက်အရ လာရောက်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ ကင်ခေါင်းပြည်နယ်၌ကျင်းပသော ၁၀နှစ်မြောက် နှစ်နိုင်ငံစက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အခမ်းအနားသို့ တက်ရောက်မည်ဟု မျှော်လင့်ရသည်။

၎င်းအခမ်းအနား၌ ဗီယက်နမ်နှင့် စင်ကာပူနှစ်နိုင်ငံ စက်မှုလုပ်ငန်းကဏ္ဍများ တိုးချဲ့ပူးပေါင်းဆောင်ရွက်မှု သဘောတူ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း နယူးအာရှသတင်း၌ ဖော်ပြထားပြီး စင်ကာပူနိုင်ငံသည် ဗီယက်နမ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးသော နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ယာဉ်မတော်တဆတိုက်မှုများကြောင့် ယူဂန္ဒာ၌ ငါးနှစ်အတွင်း လူတစ်သောင်းသေဆုံးခဲ့

ကမ်ပါလာ စက်တင်ဘာ ၂၆

ယူဂန္ဒာနိုင်ငံ၌ ယာဉ်မတော်တဆ တိုက်မှုများသည် လူသေဆုံးမှုအများဆုံး ဖြစ်လာကြောင်း၊ ငါးနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် လူ ၁၀၀၀၀ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက စက်တင်ဘာ ၂၄ရက်တွင် ဖော်ပြသည်။

သေဆုံး

ရဲတပ်ဖွဲ့၏ စာရင်းအရ ၂၀၀၅ ခုနှစ်က ယူဂန္ဒာတွင် ယာဉ်တိုက်မှု ၁၇၃၂မှုဖြစ်ပွားရာ လူပေါင်း ၂၀၃၄ဦး သေဆုံးခဲ့ကြောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်း သေဆုံးသူ ၁၀၅၅၁ဦးရှိကြောင်း သိရသည်။

ဆက်လက်ဖော်ပြ

အဆိုပါသေဆုံးသည့်အရေအတွက်မှာ ဆေးရုံပေါ်တွင်ဒဏ်ရာရပြီး သေဆုံးသူများမပါဝင်ကြောင်း၊ ရဲမှတ်တမ်းအရသာ ဖော်ပြခြင်းဖြစ်ကြောင်း ၎င်းမီဒီယာက ဆက်လက်ဖော်ပြသည်။

အပြိုင်ဖြစ်နေ

ယူဂန္ဒာနိုင်ငံ၌ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုမှာ ငှက်ဖျားရောဂါနှင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်တို့နှင့် အပြိုင်ဖြစ်နေပြီး ထိပ်တန်း လူသတ်ကောင်များဖြစ်လာကြောင်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး ဂျွန်နာဆာဆီရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြာ သတင်းများ

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဂျမ်မူမြို့တွင် အိန္ဒိယလေတပ်မှ စွမ်းရည်ပြသနေသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျောက်ဆုံးရဟတ်ယာဉ် နီပေါ၌ ရှာဖွေတွေ့ရှိ

ခတ္တမန္ဒူ စက်တင်ဘာ ၂၆

နီပေါ နိုင်ငံတွင် နှစ်ရက်ကြာ ပျောက်ဆုံးနေသော ရဟတ်ယာဉ်အား ရှာဖွေမှုများ ပြုလုပ်ပြီးနောက် နီပေါနိုင်ငံ တာပလီ ဂျန်းခရိုင် အရှေ့ပိုင်းရှိ ဂန်ဆာဒေသတွင် စက်တင်ဘာ ၂၅ ရက်က ပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း သိရသည်။

ပျက်ကျ

ယင်းရဟတ်ယာဉ်မှာ ခတ္တမန္ဒူမြို့အရှေ့ဘက် ကီလိုမီတာ ၆၀၀ခန့် အကွာတွင် စက်တင်ဘာ ၂၄ရက်က ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျသွားခဲ့ခြင်းဖြစ်ပြီး ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ၂၄ဦးစလုံး သေဆုံးသွားကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်၌ တောမီးလောင်

ပေကျင်း စက်တင်ဘာ ၂၆

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေကျိုပြည်နယ်တွင် စက်တင်ဘာ ၂၃ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သစ်တောအာဏာပိုင်များက ပြောကြားသည်။

မီးလောင်ကျွမ်း

ထိုသို့မီးလောင်မှုကြောင့် သစ်တောဧရိယာဟက်တာ ၄၀ကျော် မီးလောင်ကျွမ်းခံခဲ့ရကြောင်း၊ မီးလောင်မှုမှာ လူရှန်ဂန်မြို့အနီး သစ်တောဧရိယာတွင် ဖြစ်ကြောင်း သိရသည်။

ပြောကြား

တောမီးလောင်ကျွမ်းမှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းလည်း ဒေသဆိုင်ရာ တောမီးလောင်ကျွမ်းမှု ကာကွယ်တားဆီးရေးရုံးမှပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်နှင့် အပေါင်းအပါတို့ ကျူးကျော်ပြီးနောက်ပိုင်း အီရတ်၌ ငွေကြေးဖောင်းပွ၍ ကုန်စျေးနှုန်းများတက်လာ

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အမေရိကန်နှင့်အပေါင်းအပါများ အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ပြီး သုံးနှစ်အကြာတွင် ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လာကာ ကုန်စျေးနှုန်းများ မြင့်တက်နေသည့်အတွက် အီရတ်ပြည်သူများမှာ အခက်အခဲ အကျပ်အတည်းများဖြင့် ပိုမိုကြုံတွေ့ ခံစားနေကြရသည်။

ပြောဆို

သားငါး ဝယ်ခြမ်းမစားနိုင်သဖြင့် မိသားစုအတွက် ဟင်းသီးဟင်းရွက်များကိုသာ ဝယ်စားနေရကြောင်းဖြင့် ဘဂ္ဂဒက်မြို့တော်မှ ကလေး လေးယောက်မိခင် အမ်မူဟာမက်က ပြောဆိုသည်။

ရင်ဆိုင်ကြုံတွေ့

အမ်မူဟာမက်ကဲ့သို့ပင် အီရတ်ပြည်သူအများအပြားမှာ အီရတ်နိုင်ငံ၌ ထိန်းမနိုင်သိမ်းမရ ငွေကြေးဖောင်းပွမှုအပြင် ဆူပူအကြမ်းဖက်မှုနှင့်တကွ ရန်သူ အသစ်ဖြစ်သည့် ကုန်စျေးနှုန်းမြင့်မားမှုတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

မြင့်တက်

လောင်စာနှင့် လျှပ်စစ်မီးခက လွန်ခဲ့သည့်နှစ်များကထက် ၂၇၀ ရာခိုင်နှုန်းကျော် မြင့်တက်လာပြီး အချို့စျေးကွက်များတွင် လက်ဖက်ရည်က လေးဆ၊ ကြက်ဥက နှစ်ဆ တန်ဖိုးတက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မီးငြိမ်းသတ်

တရုတ်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အိန္ဒိယမြောက်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

ပတ္တနား(အိန္ဒိယ) စက်တင်ဘာ ၂၆

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဘီဟာပြည်နယ်၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားရာ အနည်းဆုံး လူ ၁၄ဦး သေဆုံးသွားကြောင်း အစိုးရသတင်းကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

အိုးမဲ့အိမ်မဲ့ဖြစ်

ငါးရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အိန္ဒိယမြောက်ပိုင်းဒေသ အတော်များများ ရေလွှမ်းခဲ့ကြောင်း၊ လူငါးသန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ ခရိုင်၃၈ခု၌ ဖြစ်ပွားခဲ့ကြောင်း ၎င်းကြေညာချက်တွင် ဖော်ပြသည်။

(အင်တာနက်)

မြစ်သုံးသွယ် စီမံကိန်းလေ့လာရန် ခရီးသွားဧည့်သည်များလာရောက်မှု တိုးမြင့်နေ

ယီချန် စက်တင်ဘာ ၂၆

တရုတ်နိုင်ငံ ယန်စီမြစ်အလယ်ပိုင်းတွင် တည်ဆောက်လျက်ရှိသည့် မြစ်သုံးသွယ်စီမံကိန်းကို လေ့လာရန် ခရီးသွားဧည့်သည်များ လာရောက်မှု တိုးမြင့်နေပြီးယခုနှစ်ကုန်၌ ဦးရေ ၁ ဒသမ ၃ သန်းရှိလာမည်ဖြစ်ကြောင်း မြစ်သုံးသွယ် ခရီးသွားလုပ်ငန်း၏ အထွေထွေမန်နေဂျာ ချန်မင်ဂျီယူက ပြောကြားသည်။

တရုတ်နိုင်ငံ ယန်စီမြစ်အလယ်ပိုင်းတွင် တည်ဆောက်လျက်ရှိသည့် မြစ်သုံးသွယ် စီမံကိန်းကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်အတွက် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီ ၅၅ မိနစ်အထိ အဆိုပါ မြစ်သုံးသွယ်စီမံကိန်း အရပ်သို့လာရောက်သည့် ခရီးသွားဧည့်သည်အရေအတွက်မှာ တစ်သန်းကျော် ရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တည်ဆောက်ထား

အဆိုပါ မြစ်သုံးသွယ်စီမံကိန်းကို ၁၉၉၃ ခုနှစ်မှစတင် တည်ဆောက်ခဲ့ပြီး အရှည် ၂၃၀၉မီတာနှင့် အမြင့် ၁၈၅ မီတာရှိသည်။ မြစ်ကမ်းနှစ်ဖက်ပေါ်တွင် ရေအားလျှပ်စစ် စက်ရုံနှစ်ခု တည်ဆောက်ထားသည်။

ထိုမြစ်သုံးသွယ် စီမံကိန်းကို လာမည့် ၂၀၀၉ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ရေပမာဏ ၃၉ ဒသမ ၃ ဘီလီယံ ကုဗမီတာအထိ သိုလှောင်ထားနိုင်ပြီး နှစ်စဉ်ရေအားလျှပ်စစ်ကီလိုဝပ် နာရီ ပေါင်း ၈၄ ဒသမ ၇ ဘီလီယံထုတ်လုပ် ပေးနိုင်ကြောင်း သိရသည်။

ဧည့်သည်ဦးရေ

မြစ်သုံးသွယ် စီမံကိန်းသို့ ပြီးခဲ့သည့်နှစ်က ခရီးသွားဧည့်သည်ဦးရေ ၁ ဒသမ ၀၅ သန်းလာရောက် ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ပွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အကြမ်းဖက်မှုများ မြင့်တက်လာသည်ဟု ကန်၏ဝေဖန်ချက် မက္ကဆီကိုသမ္မတလက်မခံ

မက္ကဆီကို စက်တင်ဘာ ၂၆

မက္ကဆီကိုနှင့် အမေရိကန် ပြည်ထောင်စုကြားရှိ နယ်စပ်ဒေသ လုံခြုံရေးကို နှစ်နိုင်ငံစလုံးက မျှဝေတာဝန်ယူသင့်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ဗီစင်တီဖောက်စ်က မီဒီယာမှ စက်တင်ဘာ ၂၂ ရက်၌ ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ၌ အကြမ်းဖက်မှုများ မြင့်တက်နေခြင်းကြောင့် မက္ကဆီကိုသို့သွားရောက်လည်ပတ်မည့် အမေရိကန်နိုင်ငံသားများအား သတိပေးခဲ့ကြောင်း မက္ကဆီကိုနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး တိုနီဂါဇာ၏ ပြောကြားချက်ကို အဆိုပါ မက္ကဆီကိုသမ္မတက မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

မက္ကဆီကို-အမေရိကန် နယ်စပ်နှစ်ဖက်စလုံးတွင် လုံခြုံရေးကင်းမဲ့ နေမှုမှာ ပြဿနာတစ်ရပ်ဖြစ်လာကြောင်း၊ ယခုနှစ်တွင် ရာဇဝတ်မှုများ မြင့်တက်လာသည်ကိုလည်း တွေ့ရကြောင်း၊ အထူးသဖြင့် လူသတ်မှုများဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်ကို ဖောက်စ်က တုံ့ပြန် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယင်းနှစ်နိုင်ငံနယ်စပ်၌ ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုများ အကြီးအကျယ် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းတို့ကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း မက္ကဆီကို သမ္မတက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ၌ ယခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၅၀၀ သေဆုံးခဲ့ပြီး အများစုမှာ အမေရိကန်နယ်စပ်၌ ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ပွာ

ဒမတ်စကတ်ရှိ အမေရိကန်သံရုံး ဖောက်ခွဲရန် ကြိုးပမ်းမှု ကန်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒကြောင့်ဖြစ်

ဒမတ်စကတ် စက်တင်ဘာ ၂၆

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်ရှိ အမေရိကန်သံရုံးကို မကြာမီက တိုက်ခိုက်ခြင်းမှာ အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒများကြောင့်ဖြစ်ကြောင်း ဆီးရီးယားသမ္မတအယ်အာဆတ်က ဝေဖန်ပြောကြားသည်ဟု ဆီးရီးယား နယူးစ်ဝက်ဘ်ဆိုက်တွင် စက်တင်ဘာ ၂၄ ရက်က ဖော်ပြပါရှိသည်။

အမေရိကန်သံရုံးကိုစက်တင်ဘာ ၁၂ ရက်က ဖောက်ခွဲရန် ဆီးရီးယားနိုင်ငံသားလေးဦး၏ကြိုးပမ်းမှုကို ဆီးရီးယားအစိုးရက ဖယ်ရှားပေးနိုင်ခဲ့သည်။

ဆီးရီးယား-အမေရိကန်ဆက်ဆံရေး တင်းမာလာခဲ့သည်မှာ လေးနှစ်ကြာခဲ့ပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ပွာ**

တောင်အာဖရိကနိုင်ငံသားတစ်ဦးအား ငွေတုလုပ်မှုဖြင့် ဇမ်ဘီယာ၌ ဖမ်းဆီး

လူဆာကာ စက်တင်ဘာ ၂၆

ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့၌ စက်တင်ဘာ ၂၃ ရက်က တောင်အာဖရိကနိုင်ငံသားတစ်ဦးအား ငွေတုလုပ်သည့် စက္ကူသေတ္တာနှစ်လုံးနှင့်အတူ ဖမ်းဆီးလိုက်ကြောင်း ဆန်းဒေးမေးလ်က ဖော်ပြသည်။

ပြောကြား

လူဆာကာမြို့၌ ဗန်ဒါမာဝါအမည်ရှိ တောင်အာဖရိကနိုင်ငံသားအားရဲတပ်ဖွဲ့က ငွေလုပ်စက္ကူနှင့် ငွေတုလုပ်စက်ပိုင်ဆိုင်ပြီး ငွေတုလုပ်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပြည်သူ့ဆက်ဆံရေးအရာရှိ ရိစတင်ချူလုက ပြောကြားသည်။

ဖမ်းဆီး

နိုင်ငံ၏ အခြားဒေသများတွင်လည်း ဇမ်ဘီယာနိုင်ငံသား ၁၀ ဦးကိုလည်း မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ပွာ

အီရတ်၌ အမေရိကန် ကန်ထရိုက်တာ တစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အလုပ်လုပ်ကိုင်နေသော အမေရိကန်နိုင်ငံသား ကန်ထရိုက်တာတစ်ဦးမှာ စက်တင်ဘာ ၂၄ရက်က ဒုံးကျည်တစ်ခုဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားခဲ့ကြောင်း အီရတ်ရှိ အမေရိကန်စစ်ဘက်က ပြောကြားသည်။

သေဆုံး

ပထမဒုံးကျည်တစ်ခုမှာ မည်သည့်ထိခိုက်မှုမျှ မရှိသော်လည်း ဒုတိယဒုံးကျည်ထိမှန်မှုကြောင့် အမေရိကန်နိုင်ငံသား ကန်ထရိုက်တာတစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်ပွား

ဘာဆာရာမြို့သည် မကြာမီလများမှ တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့သော မြို့တစ်မြို့ ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ပွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အသက် ၁၁၁ နှစ်ရှိ ဂျပန်အဘိုးအို

အသက် ၁၁၁ နှစ်အရွယ်ရှိ ဂျပန် အဘိုးအိုတစ်ဦး မွေးနေ့ပွဲပြုလုပ်နေစဉ်။ (ယာပုံ)

ဂျပန်နိုင်ငံတောင်ပိုင်း မီယာကိုနိုဂျိုမြို့တွင် နေထိုင်သည့် ကိုမိုဂျီကာနာဘီမှာ စက်တင်ဘာ ၁၈ ရက်က အသက် ၁၁၁ နှစ်ပြည့်ခဲ့ပြီဖြစ်ရာ ၎င်း၏၁၁၁ နှစ်မြောက် မွေးနေ့ကို နေအိမ်၌ ကျန်းမာပျော်ရွှင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကြီးမားသော ဖရုံသီး

ကြီးမားသော ဖရုံသီးကြီးတစ်လုံးကို တွေ့ရစဉ်။ (ဝဲပုံ)

ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့အနီး စိုက်ခင်းတစ်ခုမှ ဖရုံသီးကြီး တစ်လုံးမှာ အချင်း ၁၆ လက်မရှိရာ ဥရောပ၌ အကြီးမားဆုံး ဖရုံသီးတစ်လုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပြင်ဦးလွင် မီးသတ်သင်တန်းကျောင်းနှင့် ဇီးပင်ကြီး မူကြိုကျောင်း ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့လိုက်ပါလျက် စက်တင်ဘာ ၂၂ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ ဇီးပင်ကြီး မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးများ၏ ကဗျာရွတ်ဆိုမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးနှင့် ဇနီးတို့က ကလေးများအား မုန့်များကို ဝေငှကာ ကလေးများ၏ နေထိုင်စားသောက်မှုအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဝန်ကြီးသည် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဗဟို မီးသတ်သင်တန်းကျောင်း၏ ကြိုးပမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက်က မန္တလေးမြို့ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ သိုလှောင်ရုံကိုလည်းကောင်း၊ မန္တလေး နန်းရှေ့ သန္တေမီးသတ်စခန်း၊ ဟေမာ အနောက် အရန်မီးသတ်စခန်းနှင့် မန္တလေး ဗဟိုမီးသတ်စခန်းများကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

တိုးတက်မှု

ထို့နောက် ဝန်ကြီးသည် မန္တလေး ဗဟိုမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ယနေ့နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ဒေးဒရဲ မြို့နယ်အသင်း မဟာဘုံကထိန်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် မဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၁၅ ရက် (တနင်္ဂနွေနေ့) တွင် အသင်းတည်ရှိရာ မင်္ဂလာမဏ္ဍိုင်ကျောင်း အမှတ် ၅၉ အာဇာနည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဘုံကထိန်သက်န်းနှင့် ဒါတဗ္ဗအစုစု လှူဒါန်းလိုသူများသည်ဦးမျိုးလွင်(ဥက္ကဋ္ဌ) ဖုန်း-၅၄၄၂၇၃၊ ဦးဇော်လွင်(ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၀၉-၈၀၃၁၇၄၈(ခိုင်ရွှေဝါ ထီဆိုင်)၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၁၃၆၇၉၈ နှင့် ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်အတွက် ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကျင်အေးအား အမှူးထား၍ ဦးမောင်မောင်ကြီး-ဒေါ်ကျင်သန်း (OSAKA- သောက်ရေသန့်၊ 9-J နဝရတ်လမ်းသွယ် ၈မိုင် မရမ်းကုန်း ရန်ကုန်) မိသားစုက ဒုတိယအကြိမ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် တိုက် ၂၃၈ အခန်း ၆/A ပြည်လမ်း မြေနီကုန်းနေ မိခင် ဒေါ်ဆုရည်နွယ်နှင့် သမီး အဆိုတော် ရှင်ဖုန်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန် တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် အရှင်ဝီရိယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသမီးများ သွေးဆုံးချိန်၌ အရိုးပွခြင်းနှင့် ကျိုးခြင်းများဖြစ်ပေါ်နိုင်



အမျိုးသမီးများအနေဖြင့် သွေးဆုံးချိန်တွင် အရိုးပွခြင်းဖြစ်ပေါ်ပြီး အရိုးကျိုးခြင်းနှင့် အရိုးအက်ခြင်းတို့ ဖြစ်ပေါ်တတ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြလိုက်သည်။

သုတေသနပြုချက်

အသက်အရွယ်ကြီးရင့်လာပြီး သွေးဆုံးချိန်ရောက်လာသော အမျိုးသမီးများ၏ သွေးသားပြောင်းလဲမှုတို့ကြောင့် အရိုးပွခြင်းဖြစ်ပေါ်သလို အသက်ငယ်လွန်းသော အမျိုးသား၊ အမျိုးသမီးများနှင့် အသက်အရွယ်ရလာသော အမျိုးသားများတွင်လည်း အရိုးပွခြင်း ဖြစ်ပေါ်လေ့ရှိကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

မှီဝဲသင့်

ထိုသို့ အရိုးပွချိန်တွင် အရိုးနှင့် ပတ်သက်သော အခြားရောဂါများလည်း ဖြစ်ပွားတတ်ရာ စနစ်တကျ ဆေးကုသမှုပြုသင့်ကြောင်း၊ ထိုသို့သော အချိန်ကာလမျိုးတွင် အရိုးများကို သန်မာကြံ့ခိုင်စေရန်အတွက် ဗီတာမင်ဒီ၊ ကယ်လ်ဆီယံ ဖြည့်စွက်အစားအစာနှင့် ဆေးများ၊ ဟော်မုန်း မပါဝင်သည့် သောက်ဆေးများကို မှီဝဲသင့်ကြောင်းလည်း အကြံပြုထားသည်။

အမျိုးသမီးများနှင့် ပတ်သက်သော သုတေသနပြုချက်တစ်ရပ်ကို မဲလ်ဘုန်းတက္ကသိုလ်မှ ပညာရှင်များက သုတေသနပြုခဲ့ရာ ဆေးသောက်သုံးမှုနှင့် ဆေးကုသမှု ပုံမှန်မပြုလုပ်သော အမျိုးသမီးများသည် အရိုးပွချိန်၌ အရိုးကျိုးခြင်းနှင့်အရိုးအက်ခြင်းတို့အပြင် အခြားအရိုးနှင့် ပတ်သက်သည့် ရောဂါများကို ဖြစ်ပွားတတ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင် မာဂရက်ဟန်ရီက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

အမေရိကန် ပုဂ္ဂလိက အာကာသဒုံးပျံတစ်စင်း ပျက်ကျ

အမေရိကန်ရှိ အာကာသယာဉ် လွှတ်တင်ရေးစခန်းတစ်ခုမှ စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ၁၄၁၄ နာရီ **(ဂရင်းနစ်စံတော်ချိန် ၂၀၁၄ နာရီ)** ၌ အာကာသသို့ လွှတ်တင်လိုက်သော အမေရိကန် ပုဂ္ဂလိက အာကာသဒုံးပျံ တစ်စင်းသည် ပျက်ကျသွားခဲ့ကြောင်း ဒုံးပျံလွှတ်တင်ရေး အရာရှိများက ပြောကြားသည်။

ပျက်ကျခဲ့

ယင်းအာကာသဒုံးပျံမှာ မြေပြင် စခန်းမှလွှတ်ပြီး အမြင့်မီတာ ၁၂၁၉၀ (ပေ ၄၀၀၀၀)အရောက်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျက်ကျမှုမှာလည်း သဲကန္တာရအတွင်း ပျက်ကျခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

ပစ္စည်းအမျိုးအမည်

အဆိုပါ အာကာသဒုံးပျံယာဉ်မှာ ပစ္စည်းအမျိုးအမည်ပေါင်း ၅၀ ခန့်ကို သယ်ဆောင်သွားသည်။ ဒုံးပျံယာဉ် ပျက်ကျမှုမှာ ဒုံးပျံချွတ်ယွင်းမှုတစ်ခုခုကြောင့်ဖြစ်ကြောင်း အာကာသဒုံးပျံ လွှတ်တင်ရေး ကြီးကြပ်မှုအရာရှိတစ်ဦးဖြစ်သူ ထရေစီလာဆင်က ပြောကြားသည်။

ခရီးသွားလာနိုင်ရေး

ထိုဒုံးပျံယာဉ်ကို ယူပီအာကာသယာဉ် တည်ဆောက်ရေးလုပ်ငန်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အနာဂတ်ကာလတွင် အာကာသသို့ ဈေးပေါပေါဖြင့် ခရီးသွားလာနိုင်ရေးအတွက် ကြိုးပမ်းနေသော လုပ်ငန်းလည်းဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ရင်သားကင်ဆာဖြစ်ပွားမှုနှင့်ကုသမှု ကွန်ပျူတာဖြင့် ဖော်ထုတ်ကြည့်ရှုနိုင်

ကွန်ပျူတာကိုအသုံးပြုပြီး ရင်သားကင်ဆာဖြစ်ပွားမှုကို ရှာဖွေဖော်ထုတ်ရာတွင် အလွန်လျင်မြန်ပြီး ထိရောက်မှုလည်း ရှိကြောင်း လန်ဒန်ရှိ ကင်ဆာသုတေသနပညာရှင်များက ပြောကြားသည်။

တွေ့မြင်နိုင်

ရေဒီယိုရောင်ခြည်ဖြင့် ရင်သားကင်ဆာ ဖြစ်ပွားနေသည့်နေရာကို အတိအကျဖော်ထုတ်နိုင်ပြီး ထိုသို့ဖော်ပြသည့် နေရာအား ကွန်ပျူတာဖန်သားပြင်၌ ရှင်းလင်းစွာ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အထောက်အကူ

ထိုသို့ ကင်ဆာဖြစ်ပွားနေမှုအနေအထားကို ကွန်ပျူတာဖန်သားပြင်တွင် ကင်ဆာ အဖုအကျိတ်အရွယ်အစားနှင့် ပျံ့နှံ့မှုအခြေအနေများပါ အသေးစိတ်တွေ့မြင်ရမည်ဖြစ်ရာ မည်သို့ကုသရမည်ကို အကောင်းဆုံး အထောက်အကူပေးနိုင်မည်ဖြစ်သည်ဟုလည်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

ရှာဖွေဖော်ထုတ်

ရင်သားကင်ဆာဖြစ်ပွားမှုကို ထိုသို့ ရှာဖွေရာတွင် ကွန်ပျူတာအကူအညီဖြင့် ကင်ဆာဖြစ်ပွားမှုနေရာ ရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် စီအေဒီခေါ်သည့် ဆော့ဖ်ဝဲလ်ကို အသုံးပြုရှာဖွေခြင်းဖြစ်သည်။

ရင်သားကင်ဆာ ဖြစ်ပွားသည့်နေရာ ကွန်ပျူတာဖန်သားပြင်၌ အတိအကျတွေ့ရှိရပြီး ဓာတ်ရောင်ခြည်ဖြင့် ကုသရာ၌ နေရာလွဲချော်မှု လုံးဝမရှိစေရန်နှင့် ကင်ဆာကို ကုသစဉ်ကာလအတွင်း ထူးခြားမှုရှိ မရှိကိုလည်း မျက်မြင်တွေ့ရှိနိုင်မည်ဖြစ်သည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာစတီဖင်ဒတ်ဖ်ရီက ပြောကြားသည်။

(ကိုးကား-အင်တာနက်)



အခွန်လွတ်ဈေး ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) အဘိဓမ္မာပဋ္ဌာနသာရုပ္ပဒေသနပူဇာသဘင် ညစဉ်တရားပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မရမ်းကုန်းမြို့နယ် ကမ္ဘာအေး အရှေ့ဝါယာလက်(၂)လမ်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မဟာမင်္ဂလာအလယ်တိုက်ကြီး၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) အဘိဓမ္မာပဋ္ဌာနသာရုပ္ပဒေသနပူဇာသဘင်အဖြစ် ညစဉ်တရားပွဲများ ကျင်းပမည်ဖြစ်ရာ (သီတင်းကျွတ်လဆန်း ၆ရက်) စက်တင်ဘာ ၂၇ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ (သီတင်းကျွတ်လဆန်း ၇ရက်) စက်တင်ဘာ ၂၈ရက်တွင် ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသနှင့် တွံတေး အရှင်ဣန္ဒက၊ (သီတင်းကျွတ်လဆန်း ၈ရက်) စက်တင်ဘာ ၂၉ရက်တွင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်တို့က ည ၇နာရီမှစတင်၍ ဓမ္မရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးဟောကြားတော်မူမည်ဖြစ်၍ လာရောက်နာကြားတော်မူကြပါရန် တရားပွဲကျင်းပရေး ဆပ်ကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

■ *ကျောဖုံးမှ*

ရောက်ရှိပြီး အခွန်လွတ် ဈေးများအတွင်းရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့်လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ကောင်စီဝင်များ၊ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့်ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ ဆိတ်သား၊ ဝက်သား၊အမဲသား၊ ရေချို-ရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံကြက်သွန်နီနှင့် ကြက်သွန်ဖြူ၊ စားဖိုဆောင်သုံး သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း၏ ကြက်သွန်နီအရောင်းဆိုင်၊ မြန်မာနိုင်ငံဆန်စပါး၊ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ၊ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက် ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များဖွင့်လှစ်ရောင်းချမှုအခြေအနေများကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေး အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လိုက်လံ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား အခွန်လွတ်ဈေးများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရေး၊ အခွန်လွတ်ဈေးများ သန့်ရှင်းသပ်ရပ်ရေး၊ စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံ ပိုမိုတိုးတက်အောင် ရောင်းချရေး၊ စားသုံးသူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေး၊ ရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနကချမှတ်ထားသောမူဝါဒများတိကျစွာလိုက်နာ ဖြန့်ဖြူးရေးဝန်ထမ်းအဆင့်ဆင့်က ရိုးသားစွာပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင်ဘာ ၂၃ ရက်တွင် မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန(ခ)အဆင့်၌ စက်သုံးဆီများသိုလှောင် ဖြန့်ဖြူးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ**(ယာပုံ)** အထွေထွေမန်နေဂျာက စက်သုံးဆီများရောက်ရှိမှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက ရေယာဉ်ဆီတွဲများမှ ဆီချပေးနေမှု၊ လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ စက်သုံးဆီလက်ခံ/သိုလှောင်နေမှုများကို လိုက်လံစစ်ဆေးပြီး မီးဘေးလုံခြုံရေး၊ စက်သုံးဆီရေယာဉ်တွဲများ၊ ဆီကန်များ၊ လုံခြုံရေး အထူးဂရုပြု ဆောင်ရွက်ရေး၊ စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ သယ်ယူဖြန့်ဖြူးမှု လျင်မြန်စေရေး၊ တိုးချဲ့သိုလှောင်နိုင်ရေး၊ အလွဲသုံးစားမှုနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၂၂)သို့ လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် မန္တလေးမြို့ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၃၃)နှင့် အမှတ်(၀၆၁၉) များသို့လည်းကောင်း သွားရောက်၍ စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စက်သုံးဆီဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ဝန်ကြီးဌာနက ချမှတ်ထားသောမူဝါဒများ၊ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန၏မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဖြန့်ဖြူးရေးဝန်ထမ်းအဆင့်ဆင့်က ရိုးသားစွာ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ် ပထမအသုတ်စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၆ ပညာသင်နှစ် ပထမသုတ်အတန်းတင် စာမေးပွဲများကို အောက်တိုဘာ ၄ ရက်မှ ၁၂ ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်သည်။

သိပ္ပံအထူးပြု

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ (ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်အနောက်ပိုင်းဌာနခွဲ (ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ် ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ အသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်၊ သိပ္ပံအထူးပြုကျောင်းသားအားလုံးသည်မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲ ဖြေကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများတွင် ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“ဖွံ့ဖြိုးသာစွ တို့ပြည်အလှ”** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန် သက်ဆိုင်ရာက ဖိတ်ခေါ်ထားသည်။ ရိုက်ကူးယှဉ်ပြိုင်သည့် အကြောင်းအရာမှာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ယဉ်ကျေးမှုများ၊ ရှုခင်းများ စသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လှပမှုများကို ဖော်ညွှန်း ရိုက်ကူးထားသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ကြရန် ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ၊ ၁၄လက်မဖြစ်ပြီး အရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

မေးမြန်းနိုင်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ၁၅ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် စာတည်းမှူး (ထုတ်လုပ်ရေးဌာနခွဲ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၃၇၁၃၄၂၊ ၃၇၁၃၄၀တို့သို့ စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ပိုဇိုလန်အကြောင်း ဟောပြောဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၂၆

ပိုဇိုလန် (Pozzolan) သို့မဟုတ် အကြီးစားဆောက်လုပ်ရေး လုပ်ငန်းသုံး ဘိလပ်မြေအားဖြည့် မီးတောင်ပြာ ကျောက်ရှာဖွေခြင်းနှင့် အသုံးချခြင်းအကြောင်း ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ ဘူမိဗေဒပညာရှင် ဦးဝင်းမောင်(တွင်းစားရေနံကုမ္ပဏီ)က ဟောပြောမည်ဖြစ်၍ အသင်းသားများ၊ အင်ဂျင်နီယာ ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန်စာမူဆုရစာအုပ်များဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၁ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ တတိယဆုရ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ **“မေတ္တာရေစီးကြောင်းပေါ်က စည်းလုံးညီညွတ်ရေး”**စာအုပ်၊ ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တတိယဆုရ မောင်နွယ်သန်း(ပြန်/ဆက်)၏ **“ကြံမှသကြား ပြည့်စီးပွား”**စာအုပ်၊ ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ ဇာနည်၏ **“နှင်းနုည အလှဖူးသစ်ကဗျာများ”**စာအုပ်၊ ဝတ္ထုရှည် တတိယဆုရ အောင်သူရိန်(ပုလဲ)၏ **“ပုံတောင်သား၏ ဂုဏ်ဆောင်စား”** စာအုပ်နှင့် ဝတ္ထုတိုပေါင်းချုပ်တတိယဆုရ သက်သက်သင်း(ပညာရေး)၏ **“ပြိုးပန်းတစ်ရာ ပွင့်ရာပြီလေနှင့် အခြားဝတ္ထုတိုများ”**စာအုပ်တို့ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်၊ နယ်ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်ရှင်နေ့နှင့်ရုပ်ရှင်သက်ကြီးပူဇော်ပွဲ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲနှင့် အတူ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကိုပါ ထိုနေ့၌ တစ်ပေါင်းတည်းကျင်းပမည်ဖြစ်သည်။

ပြသမည်

မြန်မာ့ရုပ်ရှင်နေ့ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ရုပ်ရှင်အသိပညာရှင်၊ အနုပညာရှင်များက ဖတ်ကြားကြမည်ဖြစ်ပြီး ပြန်လည်ဆန်းသစ်ထားသော **“မေတ္တာနှင့်သူရာ”** ဓာတ်ကားကိုလည်း ပြသမည်ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါမြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်များသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သက်ဆိုင်ရာမှ နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မိမိတို့၌ ကိုယ်ပိုင်အတွေ့အကြုံများနှင့် အတတ်ပညာရှိပြီးဖြစ်၍ အကြီးစားပြင်ဆင်မွမ်းမံရုံသာမက တွဲသစ်များကို အစအဆုံးထုတ်လုပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လူစီးတွဲနှင့် ကုန်တွဲစက်ရုံ-မြစ်ငယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရွှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လူစီးတွဲနှင့် ကုန်တွဲစက်ရုံ-မြစ်ငယ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးထွန်းဦးက စက်ရုံ၏ မူလတာဝန်ဝတ္တရားများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စက်ရုံသို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များနှင့်စပ်လျဉ်း၍ စက်ရုံက အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ တွဲများ အဆင့်မြှင့်တင်ရေးဆောင်ရွက်ချက်များ၊ နိုင်ငံခြားသုံးငွေချွေတာနိုင်ရေးအတွက် တီထွင်ကြံဆ ဆောင်ရွက်ခဲ့မှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော ရထားတွဲများအား မြန်မာ့မီးရထား သံလမ်းများ၌ ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုးချဲ့စီမံဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး ရထားစီးခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး အဆင့်အတန်းရှိသော လူစီးတွဲများနှင့် ခိုင်ခံ့သောကုန်တွဲများကို စက်ရုံက လုံးလုံးလျားလျားတည်ဆောက်ထုတ်လုပ်နိုင်အောင် တိုးချဲ့စီမံ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိမိတို့၌ ကိုယ်ပိုင်အတွေ့အကြုံများနှင့် အတတ်ပညာရှိပြီးဖြစ်၍ တွဲများကို အကြီးစား ပြင်ဆင်မွမ်းမံရုံသာမက တွဲသစ်များကို မိမိတို့စက်ရုံအတွင်း၌ပင် အစအဆုံးထုတ်လုပ်သွားနိုင်သင့်ပြီဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံက ပြုပြင်ပေးလျက်ရှိသည့် လူစီးတွဲပုံစံငယ်များကို ကြည့်ရှုကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက စက်ရုံမှ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်ပြီးဖြစ်သည့် ရထားတွဲပစ္စည်းများ၊ စမ်းသပ်ဆောင်ရွက်ဆဲ ရထားတွဲပစ္စည်းများ၊ စက်ရုံက တီထွင်ထုတ်လုပ်ထားသည့် ရထားတွဲချိတ်ဆက်ပစ္စည်းများ၊ လူစီးတွဲသုံး ဘိုဂီများ၊ အထက်တန်းတွဲထိုင်ခုံများကို ရှင်းလင်းပြသကြသည်။

ထို့နောက် လူစီးတွဲ တည်ဆောက်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေး လက်ဆောင်ပေးအပ်သော လူစီးတွဲများအား ပြုပြင်မွမ်းမံထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့နှင့်အတူ မြန်မာ့မီးရထား၏ ဒီဇယ်စက်ခေါင်းစက်ရုံ-ရွာထောင် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ပဏာမရှင်းလင်း

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒီဇယ်စက်ခေါင်းစက်ရုံ-ရွာထောင်နှင့် စက်ခေါင်းစက်ရုံ-အင်းစိန်တို့နှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒီဇယ်စက်ခေါင်းစက်ရုံ-ရွာထောင် အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်နှင့် စက်ခေါင်းစက်ရုံ-အင်းစိန် အထွေထွေမန်နေဂျာ ဦးစောဘယ်လင်တိုင်းတို့က စက်ခေါင်းစက်ရုံအလိုက် ဒီဇယ်စက်ခေါင်းအမျိုးမျိုး ပြုပြင်ဆောင်ရွက်နေမှုများ၊ စက်ရုံများသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ စက်ခေါင်းပြုပြင်ရေးအတွက် စက်ကိရိယာ ဝယ်ယူဖြည့်တင်းမှုများ၊ အရန်စက်ပစ္စည်းများ တီထွင်ထုတ်လုပ်ခြင်းများ၊ ပုဂ္ဂလိကစက်မှုဇုန်များနှင့် ပူးပေါင်း၍ အရန်ပစ္စည်း မှာကြားထုတ်လုပ်နေမှုများ၊ အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ စက်ခေါင်းစက်ရုံ-အင်းစိန် အထွေထွေမန်နေဂျာက ပြည်တွင်း၌ ဒီဇယ်စက်ခေါင်းထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း၌ ဒီဇယ်စက်ခေါင်းထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ဖြည့်ဆည်းအားပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဇယ်စက်ခေါင်းစက်ရုံ-ရွာထောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိမိတို့ ရထားစက်ရုံများက တီထွင်ထုတ်လုပ်နိုင်သည်များရှိသကဲ့သို့ အခြားနိုင်ငံပိုင် စက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံများက ထုတ်လုပ်ပေးနိုင်သည်များလည်းရှိရာ အားလုံး ညှိနှိုင်းပေါင်းစပ်၍ ပူးပေါင်းအားထုတ်သွားကြမည်ဆိုပါက ဒီဇယ်စက်ခေါင်းတစ်ခုလုံးကို မိမိတို့ ထုတ်လုပ်သွားနိုင်မှာဖြစ်။

ဒီဇယ်စက်ခေါင်းရုံ ရွာထောင်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဇယ်စက်ခေါင်းစက်ရုံ – ရွာထောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တီထွင်ကြံဆ ကြိုးပမ်းအားထုတ်

ပညာရှင်များနှင့် ဝန်ထမ်းများအပိုင်းက မိမိတို့၏အတတ်ပညာနှင့် အတွေ့အကြုံများကိုအခြေခံ၍ ရဲရဲဝံ့ဝံ့ဖြင့် ဒီဇယ်စက်ခေါင်းတစ်ခုလုံးကို တည်ဆောက်နိုင်အောင် တီထွင်ကြံဆ ကြိုးပမ်းအားထုတ်သွားကြရမှာဖြစ်ကြောင်း။

မိမိတို့ ရထားစက်ရုံများက တီထွင်ထုတ်လုပ်နိုင်သည်များရှိသကဲ့သို့ အခြားနိုင်ငံပိုင် စက်ရုံများနှင့် ပုဂ္ဂလိက စက်ရုံများက ထုတ်လုပ်ပေးနိုင်သည်များလည်းရှိရာ အားလုံးညှိနှိုင်းပေါင်းစပ်၍ ပူးပေါင်းအားထုတ်သွားကြမည်ဆိုပါက ဒီဇယ်စက်ခေါင်းတစ်ခုလုံးကို မိမိတို့ ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇယ်စက်ခေါင်းစက်ရုံ–ရွာထောင်၏ ဒီဇယ်ထရန်စမစ်ရှင်းအလုပ်ရုံ၊ ဒီဇယ်လျှပ်စစ်အလုပ်ရုံ၊ အအေးပေးအလုပ်ရုံတို့၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထုတ်လုပ်

ဆက်လက်၍ မြန်မာ့မီးရထားအောက်ရှိ စက်ရုံများက ထုတ်လုပ်သော စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ၊ ပုဂ္ဂလိကများနှင့် မုံရွာစက်မှုဇုန်တို့က ထုတ်လုပ်သော စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ၊ နိုင်ငံခြားမှ မှာယူတင်သွင်းနေရသော အရန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် စက်ရုံ၌ပြင်ဆင်ဆောင်ရွက်လျက်ရှိသော ဒီဇယ်စက်ခေါင်းများ၊ သံလမ်းပြေးယာဉ် တည်ဆောက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြပြီး ရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်း သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် လုပ်အားပေး(ပညာသင်ကြားပေး)နေကြသော ဆရာမများအတွက် ကျောင်းဝတ်စုံများကို ဆရာမဒေါ်ရွှေပု (DSP မိသားစု)က ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ) ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နာရေးကူညီမှုအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၂)ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့သွားရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၂၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ် ၁၅သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းတို့မိသားစုက အလှူငွေ ကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ် သိန်း ၄၀ကို ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်းမိသားစု၏ နာရေးကူညီမှုအသင်း(ရန်ကုန်)အတွက် အလှူငွေကျပ်ငါးသိန်းကို အသင်းဥက္ကဋ္ဌဦးအေးသန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ စတင်

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ယနေ့ ညနေပိုင်းတွင် စတင်ကျင်းပသည်။

အနိုင်ရရှိ

(ကက)အုပ်စု ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း (မင်္ဂလာဒုံ)၌ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကအမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စားအုန်းဆီ သင်္ဘောများရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူ နိုင်ငံတို့မှ စားအုန်းဆီများ တင်သွင်းပြီး ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စက်တင်ဘာ ၂၅ ရက်တွင် တန်ချိန်၂၉၀၀ ပါ MT-AMA-3 သင်္ဘောသည် ထီးတန်း ဆိပ်ကမ်းသို့လည်းကောင်း၊ တန်ချိန် ၃၀၅၀ ပါ MT-Smooth-SEA-4သင်္ဘောသည် အေးရှားဝေါလ် ဆိပ်ကမ်းသို့ လည်းကောင်း၊ တန်ချိန် ၃၁၅၀ ပါ Daman-I သင်္ဘောသည် စက်တင်ဘာ ၂၆ ရက်တွင် ထီးတန်း ဆိပ်ကမ်းသို့ လည်းကောင်း ဆိုက်ကပ်လာရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ စက်တင်ဘာ၃၀ ရက်တွင် တန် ၂၇၅၀ ပါသင်္ဘောတစ်စင်းနှင့် အောက်တိုဘာ ၁ ရက်တွင် တန်ချိန် ၃၀၀၀ ပါ သင်္ဘောတစ်စင်း ထပ်မံဆိုက်ရောက်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် အထက(၄) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအကျိုးတော်ဆောင်နာယက ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းတို့က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မဇွန်ပန်းနုဝင်းအား ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗိုလ်တထောင် အထက(၄) မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၆

ဗိုလ်တထောင်မြို့နယ် အထက(၄) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို စက်တင်ဘာ ၂၃ရက် နံနက် ၁၀ နာရီက အထက(၄) ဗိုလ်တထောင်ကျောင်း သီရိမာလာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗိုလ်တထောင်မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးသက်ရှည်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်နာယက ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း) မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မိဘဆရာအသင်း အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား အတည်ပြုသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆုများကိုချီးမြှင့်ရာ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၏ဇနီး ဒေါ်နီလာမြင့်၊ မြို့နယ်မှူး ဦးစိုးလွင်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်း၊ ကျောင်းအကျိုးတော်ဆောင်နာယက ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (ငြိမ်း)နှင့် တာဝန်ရှိသူများက ခြောက်ဘာသာ ဂုဏ်ထူးရှင်ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၁ ဦးနှင့် အတန်းလိုက် ပညာရည်ချွန်ဆုရသူများ၊ ခွင့်ပျက်ရက်မရှိ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇–၉–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇း၂၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇း၃၀ ၈။ **“ရောင်ပြန်ဟပ်ခြင်း”** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၁၇း၄၅ ၉။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ သုတစုံလင် ရွှေဥာဏ်ရှင်
- ၁၉း၀၅ ၁၃။ **“ဘဝနှင့်ရင်း၍”** ဖြိုးငွေစိုး၊ သူထူးစံ၊ ကျော့ကေသွယ် [ဒါရိုက်တာ–သိန်းဟန် (ဖီးနစ်)]
- ၁၉း၁၅ ၁၄။ မှုဟန်သွယ်သွယ် ဆိုကြမယ်
- ၁၉း၃၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉း၄၀ ၁၆။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ)ဆွေးနွေးခန်း
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **“သုံးနာရီ သုံးဆယ့်ငါး”** သူထူးစံ၊ ပပဝင်းခင် (ဒါရိုက်တာ– ရဲဝန်ထမ်းဟောင်း တစ်ဦး၊ ချောချစ်စံ)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရေးမြို့သီရိရတနာကျောင်းအလှူတော်

ရန်ကုန် စက်တင်ဘာ ၂၆

မွန်ပြည်နယ် ရေးမြို့ သီရိရတနာကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကောဝိဒမဟာထေရ်မြတ်၏ သက်တော်(၇၅)နှစ်မြောက် စိန်ရတုမွေးနေ့မင်္ဂလာအလှူတော်ကို (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) အောက်တိုဘာ ၁၃ရက်(သောကြာနေ့)တွင် စိန်ရတုမွေးနေ့အလှူ၊ ပဋ္ဌာန်းတရားတော်မြတ်ပူဇော်ခြင်းအလှူ၊ သီရိရတနာတိုက်ကျောင်းကြီး ရေစက်ချအလှူ၊ ဘုံကထိန်အလှူနှင့် သာသနာ့ဝေပုလ္လသိမ်ကျောင်းကြီး ရေစက်ချအလှူတော်များကို ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ ဒါယကာ ဒါယိကာမများ လာရောက်ကြည်ညိုပူဇော်လှူဒါန်းနိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

သက်ရှယ်စုံညီ လူ့ဘောင်ဆီသို့

"မိခင် ဖခင်
ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး
ဂူပုထိုးသို့၊ ရှိခိုးဦးတင်
ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍
လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်
ကြီးထသက်အို၊ မျိုးဆွေကိုလည်း
ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍
ခပ်သိမ်းမယွင်း၊ ငြိမ်းစေမင်း။ ။
(ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရဆုံးမစာမှ)

တက္ကသိုလ် မြမဉ္ဇူ

မိဘ၊ ဘိုးဘွားသက်ကြီးရွယ်အိုများကို ရိုသေလေးစားစွာ လုပ်ကျွေးပြုစု စောင့်ရှောက်ခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ထုံးဓလေ့ တစ်ခုဖြစ်သည်။ ယင်းသို့ ရိုသေမြတ်လေး လုပ်ကျွေးပြုစုကြရန် ဆိုဆုံးမထားသည့် နီတိများ၊ ဆုံးမစာများသည် မြန်မာ့လူ့ဘောင်၏ ဒဿနများအဖြစ် အခိုင်အမာ တည်ရှိနေပါသည်။ အိုမင်းမစွမ်းဖြစ်လာသော မိအို၊ ဘအိုနှင့် အဘိုး၊ အဘွားများကို သား၊ သမီး၊ မြေးများနှင့် လူငယ်များက ချစ်ခင်မြတ်နိုး ဂူပုထိုးသို့ ရိုကျိုးလေးစားစွာ ကျွေးမွေးပြုစု စောင့်ရှောက်ကြသည်မှာ မြန်မာတို့၏ ယဉ်ကျေးသော ဓလေ့စရိုက်များပင် ဖြစ်ပါသည်။

အရှေ့မှနေဝန်းနီနီထွက်ပေါ်လာခဲ့သဖြင့်မိုးကုပ်စက်ဝိုင်း၏ နှင်းလွှာရုံတို့သည် လွင့်မျော၍ ကြည်လင်လာခဲ့သည်။ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းတော်ကြီး၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေ ကြည်လဲ့လဲ့က လှိုင်းကြက်ခွပ်ဘောင်ဘင်နှင့် ရစ်ခွေစီးဆင်းနေသည်။ ဧရာမြစ်ပြင်ကို ဖြတ်ကျော်တိုက်ခတ်လာသော လေနုအေးက နှလုံးသားကို အေးမြစေပါသည်။ မင်းကွန်းဘိုးဘွားရိပ်သာပေါ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လျှင် သမိုင်းထင်ရှားသည့် နန်းတော်ကျွန်းရွာကလေး၊ ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်တို့ဖြင့် သာသနာရောင်လွှမ်းလျက်ရှိသော မန္တလေးတောင်တော်မဟာကြီး၊ မြူခိုးဝေဝေ တောင်ခြေဆိုင်းဆိုင်းနှင့် ညို့ညို့မှိုင်းမှိုင်း စိန်မြရံခြယ်နေသော ရှမ်းရိုးမတောင်တန်းကြီး၏ ရှုခင်းစုံတို့ကို လွမ်းမောဖွယ်ရာ တွေ့မြင်ရပါသည်။ မြန်မာတို့၏ သမိုင်းဝင်သမိုင်းတင်ဖြစ်သော ဒေါ်ဦးဇွန်း၏ ဘိုးဘွားရိပ်သာမှ ရှုမြင်ရသော မြင်ကွင်းဖြစ်ပါသည်။ ဒေါ်ဦးဇွန်း ဘိုးဘွားရိပ်သာသည် ကမ္ဘာပေါ်တွင် မြန်မာတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဘိုးဘွားရိပ်သာပင် ဖြစ်ပါသည်။ သစ်ပင်သစ်ရိပ်များအုံ့ဆိုင်း၍ မေတ္တာရိပ်လွှမ်းသော မင်းကွန်းဘိုးဘွားရိပ်သာသည် မြန်မာ့ဂုဏ်ကို ဆောင်လျက်ရှိပါသည်။ ယဉ်ကျေးသော မြန်မာ့လူ့ဘောင်၏ အကြင်နာပုံရိပ်တစ်ခု ဖြစ်ပါသည်။

မြန်မာလူမျိုးတို့၏ အသက်အရွယ်ကြီးသူကို ရိုသေလေးစားခြင်းနှင့် စပ်လျဉ်း၍ ရှင်မဟာရဋ္ဌသာရ၏ လူမှုကျင့်ဝတ်ဆုံးမစာတွင် **"ဆွေကြီးမျိုးကြီး၊ အဘကြီးနှင့် ဦးရီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဝုဍ၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ"**ဟူ၍လည်းကောင်း၊ မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာတွင် **"ဆရာမိဘ၊ ဘိုးဘွားစသား၊ ဝယဝုဍ၊ ဂုဏကြီးမား၊ ထိုသူများ၌၊ ပြစ်မှားမိခါ၊ နည်းမျှသာလျက်၊ အရာမသည်း၊ အပြစ်ပည်း၏"**ဟူ၍လည်းကောင်း ဆုံးမစာများလည်း ရှိခဲ့ပါသည်။

မြန်မာတို့၏ လူ့ဘောင်အဖွဲ့အစည်းတွင် သား၊ သမီး၊ မြေးများသည် ဘိုးဘွားများနှင့်အတူ တစ်အိမ်တည်းတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး သဟဇာတညီညွတ်စွာ နေထိုင်ခဲ့သည့် အစဉ်အလာသည် ယနေ့တိုင်အောင် ရှင်သန်လျက်ရှိပါသည်။ အဘိုး၊ အဘွားများက သား၊ သမီး မြေးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးအသိပညာများကို မိမိတို့၏ ဘဝအတွေ့အကြုံများနှင့်ယှဉ်ပြီး အသိပညာပေးဆုံးမသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့စရိုက်အဖြစ် ယနေ့တိုင်တွေ့မြင်နေကြရပါသည်။

အဘိုး၊ အဘွားများက မိမိတို့ဘဝတစ်လျှောက် စုဆောင်းရရှိလာသည့် စီးပွားဥစ္စာများကို အမွေအနှစ်အဖြစ် သားသမီးများ၊ မြေးမြစ်များကို ခွဲဝေပေးခြင်းဖြင့် သား၊ သမီး၊ မြေးမြစ်များ၏ မျက်မှောက်အကျိုးစီးပွားကို ဖော်ဆောင်ပေးသကဲ့သို့ သား၊ သမီး၊ မြေးမြစ်များကလည်း ဘိုးဘွားများကို အိမ်ဦးခန်းမှာထားပြီး လိုလေသေးမရှိအောင် ကျေးဇူးဆပ်ပြီး စောင့်ရှောက်ပေးကြသည့် အစဉ်အလာမှာ ရှင်သန်ထွန်းကားနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ဘိုးဘွားဦးရေအထိုက်အလျောက် တိုးပွားလာသော်လည်း ဘိုးဘွားများကို စောင့်ရှောက်ပေးရေးနှင့် ပတ်သက်၍ ပြဿနာတစ်ရပ်အနေဖြင့် ပေါ်ပေါက်ခြင်း အလျှင်းမရှိခဲ့ပါ။

ဘိုးဘွားရိပ်သာဟု ဆိုလိုက်သည်နှင့် ဒေါ်ဦးဇွန်းကို မေ့၍မဖြစ်၊ ချန်ထား၍မရပေ။ မြန်မာလူမျိုး အဘိုးအဘွားများကို နွေးထွေးစွာ စောင့်ရှောက်မှုပေးသော ဘိုးဘွားရိပ်သာလုပ်ငန်းကို မျိုးစေ့ချပေးသူမှာ အဘွား ဒေါ်ဦးဇွန်းဖြစ်သည်။

လူ့အိုးရုံကို စတင်တည်ထောင်ခဲ့သူ ဒေါ်ဦးဇွန်းကို ၁၂၃၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၅ရက် သောကြာနေ့တွင် မန္တလေးမြို့ အဖ ပိုးကုန်သည်ကြီး ဦးအိ-အမိ ဒေါ်မြင်တို့မှ ဖွားမြင်ခဲ့သည်။ ပျိုမျစ်နုနယ် ချစ်စဖွယ်အရွယ်ကပင် မိန်းကလေးတို့၏ သဘာဝအတိုင်း အလှအပကို ခုံမင်တွယ်တာသူ၊ ကိုးကွယ်သူမဟုတ်ပေ။ သင့်တော်ရုံသာ ဝတ်ဆင်၍ မိဘနှစ်ပါးကို မြတ်မြတ်နိုးနိုး ပြုစုယုယခဲ့သည်။ မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် အမျိုးဘာသာ၊ သာသနာအတွက် အစွမ်းကုန် အားပေး ဆောင်ရွက်ခဲ့သည်။

ဒေါ်ဦးဇွန်းသည် ၁၂၈၉ခုနှစ်တွင် သထုံမြို့ မြသပိတ်တောင်ခြေ၌လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌လည်းကောင်း ဘိုးဘွားရိပ်သာများကို မိမိကိုယ်ပိုင်ငွေများဖြင့် မတည်ဆောက်လုပ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်ဦးဇွန်းသည် မိမိရည်ရွယ်ချက်များ အကောင်အထည်ဖော်ရင်း အသက်(၆၀)အရွယ်တွင် ပေါင်းတည် ဘိုးဘွားရိပ်သာ၌ သီလရှင်ဝတ်ခဲ့သည်။ ဘွဲ့အမည်မှာ "ဒေါ်သုမာလာ" ဖြစ်သည်။ အသက် (၇၆)နှစ်အရွယ် ၁၃၀၆ ခုနှစ် မင်းကွန်းဘိုးဘွားရိပ်သာ၌ ကွယ်လွန်ခဲ့သည်။ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ နှစ် (၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ရိပ်သာ တည်ထောင်သူ ဒေါ်ဦးဇွန်းနှင့် မြန်မာ့အလင်းဦးတင်တို့အား ဂုဏ်ပြု ဆောက်လုပ်ထားသည့် သမိုင်းပြတိုက်ဖွင့်ပွဲကို ကျင်းပဂုဏ်ပြုခဲ့ပါသည်။

ယခုအချိန်တွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၅၀၀ ရှိလာပြီး လူငါးဦး၌ တစ်ဦးသည် သက်ကြီးရွယ်အိုဘဝကို ရောက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ် ခန့်မှန်းခြေစာရင်းအရ ၅၄ ဒသမ ၃ သန်းရှိရာ ၎င်းတို့အနက်မှ အသက်(၆၀)နှစ်အထက် ဘိုးဘွား ၄ ဒသမ၄၆ သန်း ပါဝင်ခြင်းကြောင့် လူဦးရေ ၁၃ဦး၌ တစ်ဦးသည် သက်ကြီးရွယ်အိုဘဝသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရပါသည်။

တစ်နေ့တခြားတိုးပွားလာသည့် ဘိုးဘွားများအရေးသည် အလေးထားဖွယ်ကိစ္စ ဖြစ်လာသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးသည် သက်ကြီးရွယ်အိုများ၏ဘဝ သာယာချမ်းမြေ့စေရန် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံအဖို့ ဘိုးဘွားဦးရေတိုးပွားလာသော်လည်း ဘိုးဘွားများကို ပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ ပြဿနာမရှိပါ။

ထေရဝါဒဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ် နေထိုင်ကြသည့် မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူမှုရေးကျင့်ဝတ်များအရ အသက်အရွယ်နှင့်ဂုဏ်သိက္ခာ ကြီးမြင့်သူများကို ရိုသေလေးစား အလေးအမြတ်ထား ပြုစုစောင့်ရှောက်တတ်သည့် အလေ့အထများသည် ယနေ့အထိ ရှင်သန်နေဆဲ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် နိုင်ငံအဝန်း အကြားအလပ်မရှိ အဆင့်အတန်း မြင့်မားတိုးတက်လာခြင်းကြောင့် သက်ကြီးရွယ်အိုများ၏ ဘဝသည်လည်း မြင့်မားတိုးတက်လာခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက သက်ကြီးရွယ်အိုများ၏ဘဝ စိုပြည်လှပစေရေးအတွက် အခြေခံမူ(၅)ရပ်ကို ချမှတ်ထားရာ-

၁။ အမှီအခိုကင်း၍ လွတ်လပ်ခွင့် အပြည့်အဝရှိရေး (Independence)
၂။ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)
၃။ အပြန်အလှန်စောင့်ရှောက်မှုပြုကြရေး (Care)
၄။ မိမိကိုယ်တိုင်ဖြည့်စွမ်းနိုင်ရေး (Self-Ful fillment)
၅။ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရရှိရေး (Dignity)တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာနှင့်အညီ ပြုစုစောင့်ရှောက်နေသကဲ့သို့ ကုလသမဂ္ဂအခြေခံမူ(၅)ရပ်ကိုလည်း အလေးထား စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သက်ကြီးရွယ်အိုများ၏ဘဝ သာယာချမ်းမြေ့စေမည့် အစီအစဉ်ကောင်းများ ထွက်ပေါ်လာရေးအတွက် ၁၉၈၂ခုနှစ်တွင် ပြုလုပ်သော (၃၇)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (International Plan of Action on Ageing)ကို ဆုံးဖြတ်ချက်အမှတ် (၃၇/၅၁)ဖြင့် ချမှတ်ပေးခဲ့သည်။ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် ထိုနှစ်မှာပင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ကမ္ဘာ့သက်ကြီးရွယ်အို ညီလာခံတစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုညီလာခံမှ ချမှတ်ထားသော လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်ကို "Vienna Plan"ဟု ခေါ်တွင်သည်။ ၎င်းစီမံချက်၏ ရည်ရွယ်ချက်များ တိုးပွားလာသည့် သက်ကြီးရွယ်အို စာရင်းဇယားများပြုစုရေး၊ လိုအပ်ချက်များကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ လုပ်ငန်းဖော်ဆောင်ရာ၌ အောက်ပါလုပ်ငန်းရပ်များကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း စိစစ်သုံးသပ်ခြင်းများ ပြုလုပ်ရန် အကြံပြုထားပါသည်-

၁။ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာလုပ်ငန်းများ (Health and Nutrition)
၂။ အကာအကွယ်ပေးခြင်း (Protection of Elderly Consumers)
၃။ နေထိုင်မှုနှင့်ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များ (Housing and Environment)
၄။ မိသားစုရေးရာ ကိစ္စရပ်များ (Family)
၅။ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ (Social Welfare)
၆။ ဝင်ငွေလုံလောက်မှုရှိရေးနှင့် အလုပ်အကိုင်ရရှိရေး (Income Security and Employment)
၇။ ပညာရေး (Education)

အဆိုပါ အကြံပြုချက်များနှင့်အညီ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက မိမိတို့ဒေသ နိုင်ငံအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ စစ်တမ်းကောက်ယူခြင်းတို့ကို သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိ သက်ကြီးရွယ်အိုများ အရေးကို အရေးတယူ ဆောင်ရွက်လျက် ရှိနေကြပါသည်။

နှစ်ပေါင်းခြောက်ဆယ်ကျော် လူ့ဘဝကို ကျင်လည်ဖြတ်သန်းလာခဲ့ရသူ တစ်ဦးအတွက် သက်ကြီးရွယ်အိုဘဝသည် အင်မတန်အရေးကြီးသည့် အချိန်ဖြစ်သည်။ **အိုသည့်တိုင်အောင် ဖွဲကိုဆောင်** ပြီး လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးနိုင်ခဲ့ကြသည်မှာ သက်ကြီးရွယ်အိုတို့၏ အစဉ်အလာဖြစ်ပါသည်။ မြန်မာ့လူဘောင်၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မြှင့်တင်မှုများတွင် ပါဝင်ထမ်းဆောင်ခဲ့သူများဖြစ်၍ အတွေ့အကြုံ၊ ဗဟုသုတ ဟင်းလေးအိုးကြီးများဟု တင်စားနိုင်ပါသည်။ နယ်ချဲ့ကို ဆန့်ကျင်၊ ဖက်ဆစ်ကိုတွန်းလှန်၊ ပြည်တွင်းသောင်းကျန်းမှုရန်ကို ရင်ဆိုင်ကျော်လွှားခဲ့ရသူများ ဖြစ်ကြပါသည်။ လူ့အသိုင်းအဝိုင်းတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြသူ ဖြစ်ခြင်းကြောင့် အထီးကျန် မနေလိုကြသူများဖြစ်ပါသည်။ လှူဒါန်းပေးကမ်းလိုကြပြီး ပရဟိတ သင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့လိုသူများလည်း ဖြစ်ပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများကို လူမှုရေးနှင့် သာသနာရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် နေရာပေးလျက်ရှိပါသည်။

"သက်ကြီးစကား သက်ငယ်ကြား"ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့်အညီ ၎င်းတို့ထံက အတွေ့အကြုံနှင့် ဗဟုသုတများကို တလေးတစား မှတ်သား နာယူကြရမည်ဖြစ်ပါသည်။ လူ့အသိုင်းအဝိုင်းအတွင်း၌ ဘိုးဘွားတို့အား စိတ်အား လူအားရှိသလောက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် စီမံဖန်တီးပေးကြရမည် ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများ၏ အရေးကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အတည်ပြုဆုံးဖြတ်ချက်နှင့် (၃၅)ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်အရ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၁၉၉၇/၁၈ ကို ချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်မှာ ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International year for Older Persons)နှင့် နှစ်စဉ် အောက်တိုဘာလ ၁ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" (International Day of Older Persons)ဟု ဂုဏ်ပြုသတ်မှတ်ပေးခြင်းဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် စတင်သတ်မှတ်သည့် ၁၉၉၉ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို **"သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့"** (Towards a society for all ages)ဟူသော ဆောင်ပုဒ်ဖြင့် နှစ်စဉ်မပြတ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၀၆ ခုနှစ်တွင် အဋ္ဌမနှစ်သို့ တိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်စဉ်ကျင်းပသကဲ့သို့ ကုလသမဂ္ဂ အခြေခံများကိုလည်း အလေးအနက်ထား ဖော်ဆောင်လျက်ရှိပါသည်။

သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ မိသားစုနှင့် ရပ်ဆွေရပ်မျိုးများ၏ ပြုစုစောင့်ရှောက်မှု၊ ရိုသေလေးစားမှုကို ခံယူခွင့်ရှိကြသူများဖြစ်ကြရာ အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ဖြစ်ရသည့် သက်ကြီးရွယ်အိုများကိုလည်း စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ ဘိုးဘွားရိပ်သာများ၏ အေးမြသည့် အရိပ်အာဝါသအောက်ကို ခိုဝင်ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ လှမ်းချီနေသည့် ယနေ့ကာလတွင် ကြီးသူ၊ ရွယ်သူ၊ ငယ်သူအားလုံးတို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသလို တစ်ဦး နှင့်တစ်ဦး အပြန်အလှန်အကျိုးပြုကြပြီး ရိုင်းပင်းကူညီ စောင့်ရှောက်လျက် ရှိနေကြပါသည်။

မြန်မာနိုင်ငံ၌ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက မြန်မာပြည် အနှံ့အပြားတွင် ဘိုးဘွားရိပ်သာများ ထူထောင်ပြီး စနစ်တကျ စောင့်ရှောက်မှုများ ပေးလျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တစ်ပြည်လုံးတွင် ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာ ၅၂ ခု၌ ဘိုးဘွားပေါင်း ၂၁၉၆ ဦးကို ပြုစုစောင့်ရှောက်ထားပြီး ဘိုးဘွားရိပ်သာ ၄၂ခုကို နှစ်စဉ်ထောက်ပံ့မှုများ ပေးလျက်ရှိပါသည်။၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဘိုးဘွားရိပ်သာ ၄၂ ခုအတွက် ငွေကျပ် ၁၀ ဒသမ ၆ သန်းကို ထောက်ပံ့မှုပေးနိုင်ခဲ့ပါသည်။ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကလည်း သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးအတွက် ငွေအား၊ လူအားဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းဘိုးဘွားရိပ်သာများ ထူထောင်ပြီး ပြုစုစောင့်ရှောက်ရသည့် လုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် မဆောင်ရွက်နိုင်သေးသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် စာရေးသူတို့ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့ ရန်ကင်း တိုက် ၂၂၀ အခန်း ၁၇ နေ ဦးအောင်ခင်နှင့် တူ တူမများက ဒေါ်စန်းလွင်(သုံးနှစ်ပြည့်)အား ရည်စူး၍ ဒဂုံမြို့နယ် စကားဝါလမ်းမင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းနှစ်သောင်း ငါးထောင်နှင့် သင်္ကန်း၊ ထီး၊ ဖိနပ်တို့ကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချတရားနာယူပြီး အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေး ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေအသစ်များရှာဖွေ အကြံဉာဏ်၊ နည်းပညာအသစ်များဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ်(တူးဖော်ရေး)ဦးစံသိန်းက တွင်းသစ်အမှတ်(၃၆)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မအူပင်တောင်ပိုင်းဒေသတွင် ရှာဖွေရေးတွင်းသစ်များ တူးဖော်ရန် အတွက် အလားအလာကောင်းသော နေရာများတွင် တွင်းနေရာ ရွေးချယ်သတ်မှတ်ပေးပြီး တွင်းတူးစက်နေရာချထားမှု အစီအစဉ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပြီး တွင်းသစ်အမှတ်(၃၆)သို့သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တွင်းသစ်မှ သဘာဝဓာတ်ငွေ့ကုဗပေ လေးသန်းကျော်နှင့် လေဆီ Condensate ၅၅စည်တို့ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

အချိန်မီပြီးစီးအောင်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ပန်းတနော်မြို့နယ် ကျုံတုန်းကလေး၊ တလိုင်းစုကျေးရွာအနီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ညောင်တုန်း- သာပေါင်း ၁၀လက်မသဘာဝ ဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ**(အပေါ်ပုံ)** ညွှန်ကြားရေးမှူး(အင်ဂျင်နီယာလုပ်ငန်း) ဦးသန်းထွတ်က ပိုက်ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပိုက်ဆက်သွယ်ရာတွင် ယခုကတည်းက စိတ်ချသေချာအောင် ဆောင်ရွက်ထားရှိရန် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့ကိုမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မအူပင်(တောင်) ဒေသတွင် ရေနံအစမ်းတွင်း တူးဖော်ရန်အတွက် တွင်းနေရာပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးအား လုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက အစမ်းတွင်းနေရာ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေသွားကြရန်နှင့် အကြံဉာဏ်အသစ်၊ နည်းပညာ အသစ်များဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမြန်မာဆရာတော် တရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ဘဒ္ဒန္တဝိဇ္ဇာသိဒ္ဓိ (ရွှေမြန်မာဆရာတော်)သည် အောက်တိုဘာ ၅ရက်၊ ၆ရက်နှင့် ၇ရက်များတွင် ချောက်မြို့ကွက်သစ် အနောက်မြင့်မိုရ်ဦး ဆီမီးတစ်ထောင်ပူဇော်ပွဲ၌လည်းကောင်း၊ အောက်တိုဘာ ၁၉ရက်နှင့် ၂၀ရက်များတွင် နတ်ကောင်းတောင်၊ ကမ္ဘာအေး မိုးကောင်းဘုရား၊ ဗုဒ္ဓပူဇနိယ မဟာပဋ္ဌာန်းပွဲနှင့် မဟာစည်တရားစခန်းပွဲ၌လည်းကောင်း၊ အောက်တိုဘာ၂၅ရက်နှင့် ၂၆ရက်များ၌ မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ကျွန်းချောင်းကျေးရွာ ကထိန်အလှူတော်မင်္ဂလာပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လယ်ကိုင်းမြို့ဟောင်း ဖားဝပ်ကျောင်းစေတီ၊ မဟာရံတံတိုင်း ရှေးမူမပျက် ရေရှည်တည်တံ့အောင် ထိန်းသိမ်း

နေပြည်တော် စက်တင်ဘာ ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းက မကွေးတိုင်း တောင်တွင်းကြီးမြို့ရှိ ရွှေရောင်တော်ဘုရားဝင်းအတွင်း ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနက ဖွင့်လှစ်ထားသော ပြတိုက်သို့သွားရောက်ကာ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ စုဆောင်းထိန်းသိမ်းခင်းကျင်း ပြသထားမှုများကို ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဗိဿနိုးမြို့ဟောင်း ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ချိုဖော်ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဒေါ်ခင်ပြုံးရီက ဗိဿနိုးမြို့ဟောင်း၌ ရှေးဟောင်းသုတေသနပြတိုက်သစ် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ဗိဿနိုးဌာနစုမှ သုတေသနအရာရှိဦးခင်မောင်ကြီးက ဗိဿနိုးမြို့ဟောင်း၌ ကုန်းပေါင်း ၄၆ကုန်း တူးဖော်ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တည်ဆောက်နေဆဲ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်၊ တူးဖော်ထိန်းသိမ်းထားသော အမှတ်(၂)၊ (၃)၊ (၄)ကုန်း၊ နန်းတော်ရာနှင့် အမှတ်(၅)ကုန်း၊ အတွင်းနန်းမြို့ရိုး အရှေ့ဘက်ဝင်ပေါက်ဖြစ်သော အမှတ်(၈)ကုန်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၃ရက်တွင် စလင်းမြို့ မြောက်လေးစင်ရပ်စုံကျောင်းသို့ ရောက်ရှိပြီး ကျွန်းတိုင် ၂၄၄လုံးဖြင့် တည်ဆောက်ထားသော ကျောင်းကြီးကို ရှေးဟောင်းသုတေသန ဦးစီးဌာနက ထိန်းသိမ်းပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရွှေကျောင်းသို့သွားရောက်၍ သစ်သားပန်းပုလက်ရာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ရေရှည်တည်တံ့အောင်ထိန်းသိမ်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စလင်းမြို့ ဗိမာန်ဘုံသာကိုးဆောင်ကျောင်း၊ လယ်ကိုင်းမြို့ဟောင်းရှိ ကျောင်းတော်ရာစေတီ၊ ဖားဝပ်ကျောင်းတို့သို့ သွားရောက်ပြီး ပြုပြင်ရန် လိုအပ်သည်များနှင့် ဖားဝပ်ကျောင်းစေတီ မဟာရံတံတိုင်းတို့ကို ရှေးမူမပျက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စကုမြို့မှန်ကင်းကျောင်းသို့ရောက်ရှိကာ ရှေးဟောင်းသစ်သားကျောင်းကြီး ပြိုကျပျက်စီးမှုမဖြစ်စေရေးအတွက် ကြိုတင်ထိန်းသိမ်းမှုဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂၅ရက်က ဇဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဇဟန်းအမျိုးသမီးဆေးရုံတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုဆောင်ရွက်ခြင်း၊ သံဓာတ်ဆေးပြား၊ အိုင်အိုဒင်းဆားများနှင့် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဒေါ်ဖြူဖြူနှင့် အမှုဆောင်များ၊ ဆေးရုံမှတာဝန်ကျ ဆရာဝန်နှင့် ဆရာမများက ကိုယ်ဝန်ဆောင်များအား သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားများ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကြံခင်း အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၆ရက် (သီတင်းကျွတ်လပြည့်နေ့) သောကြာနေ့ နံနက်၉ နာရီတွင် ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(အောင်ကျော်ခန်းမ)၌ ကျင်းပမည်ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့ဖူးကြသော အသက် ၆၀နှင့်အထက် အငြိမ်းစားဆရာ ဆရာမကြီးများအား အကန်တော့ခံကြွရောက်ပါရန်နှင့် တပည့်များအားလုံး တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားသည်။

သွားရောက်ကြမည်

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)မှ ဦးဆောင်၍ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို သွားရောက်ကြမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများနှင့် ကြံခင်းမြို့သို့ လိုက်ပါလိုသူများသည် အောက်တိုဘာ၁ ရက်နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ တွဲဖက် အတွင်းရေးမှူး ဦးစိန်ငွေ ၀၁-၂၅၆၇၈၄၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ၀၁-၅၄၁၀၆၅ နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ၀၁-၆၅၁၂၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အောက်တိုဘာ ၅ ရက် (ကြာသပတေးနေ့)ညနေ ၆ နာရီ ကောင်းစံ ဆန်/ဆီ ရောင်းဝယ်ရေး အမှတ်(၁၁၉/အေ)ပြည်လမ်း ၁၀ မိုင်မှ မော်တော်ယာဉ်ဖြင့် ကြံခင်းမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ဘိန်းအစားထိုးမှု ဖွံ့ဖြိုးရေး မြန်မာ-တရုတ် ညှိနှိုင်းစည်းဝေး မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား တရုတ်နိုင်ငံက ဆန်တန်ချိန် ၁၀၀၀၀ ပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆန်တန်ချိန် ၁၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်၊ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုးကန့်နှင့်“ဝ”ဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီစဉ် (WFP)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားတိုင်းပြည်များ အကူအညီပေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရွှမ်းရှန် (Mr. Wang Runsheng) ဦးဆောင်သော ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ CCTV၊ Yunnan TV၊ ဆင်ဟွာသတင်းဌာန၊ ယူနန်နေ့စဉ်သတင်း ဌာနများမှ သတင်းနှင့်ပြန်ကြားရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားတိုင်းပြည်များ အကူအညီပေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရွှမ်းရှန် က နှုတ်ခွန်းဆက်စကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ နိုင်ငံတော်၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အခြေအနေ၊ အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရွှမ်းရှန်နှင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သော တောင်သူများအတွက် ဆန်တန်ချိန် ၁၀၀၀၀ လွှဲပြောင်းသည့် စာချွန်လွှာကို နှစ်ဖက်လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဝမ်ရွှမ်းရှန်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေအား အထိမ်းအမှတ်ဆန်အိတ်ကို လွှဲပြောင်းပေးအပ်ပြီး ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုးကန့်ဒေသသို့ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးသည့် ယွမ်ငါးသန်း စီမံကိန်းမှ ယွမ်ငါးသိန်းတန်ဖိုးရှိ ငှက်ဖျားကာကွယ်ဆေးများပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာကျော်ဇော်တို့က လက်ခံကြသည်။

ထို့နောက် ပထမအဆင့် ကိုးကန့်ဒေသသို့ ရောက်ရှိလာသော ဆန်တန်ချိန် ၅၀၀ မှ ဒေသအလိုက် ဆက်လက်ဖြန့်ဝေပေးမည့် ဆန်များအတွက် ဆန်အိတ်များကို ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် တရုတ်ကိုယ်စားလှယ်များက ပေးအပ်ကြရာ ဒေသခံတိုင်းရင်းသားများက လက်ခံရယူကြသည်။

ယင်းနောက် လောက်ကိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ကိုးကန့်ဒေသ တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်တို့က တောင်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် စားနပ်ရိက္ခာဖူလုံရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယွမ်ငါးသန်းထောက်ပံ့ရေး အစီအစဉ်အရ မူကွာကြိုင်းရွာ တစ်ဝိုက်စိုက်ပျိုးထားရှိသည့် အထွက်တိုးကြိများ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် မန်ခါးနှင့် ဆီအောရွာများတစ်ဝိုက် စိုက်ပျိုးထားသည့် အထွက်တိုးစပါးနှင့် ပြောင်းများ စိုက်ပျိုးဖြစ်ထွန်းမှုကို လိုက်လံကြည့်ရှုကြသည်။

တက်ရောက်

ယင်းနောက် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးမှု ကိစ္စရပ်များ ဆောင်ရွက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ အဆင့်မြင့် အရာရှိကြီးများအဆင့် ညှိနှိုင်းအစည်းအဝေးကို လောက်ကိုင်မြို့ရင်ဖုန်းဟိုတယ်၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရွှမ်းရှန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဘက်မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ ခေါင်းဆောင်သော ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တော၊ သတ္တု၊ ပြည်ထဲရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ကိုးကန့်၊ ‘ဝ’ဒေသတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်ဖက် ကိုယ်စားလှယ်များက မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ဆောင်ရွက်ချက် အောင်မြင်မှုများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှု၏ အောင်မြင်မှုများ ရှင်းလင်းပြောကြားကြပြီးဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ၏ အရေးပေါ် စားနပ်ရိက္ခာလိုအပ်ချက်များ ထောက်ပံ့ဖြည့်ဆည်းပေးရေးနှင့် ရေရှည်ဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစားထိုး ဖွံ့ဖြိုးရေး စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ပို့ဆောင်လွှဲပြောင်း

တရုတ်-မြန်မာ နှစ်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်ဒေသ ပန်ဝါ၊လိုင်ဇာ၊ကိုးကန့်၊ ‘ဝ’နှင့် မိုင်းလားဒေသများရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်တောင်သူများအတွက် ဆန်တန်ချိန် ၁၀၀၀၀ ကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၃၁ ရက်အတွင်း နယ်စပ်ဒေသ အသီးသီးသို့ ပို့ဆောင်လွှဲပြောင်းပေးအပ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာဌာနတည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီး၏ မဟာရံအုတ်တံတိုင်းတစ်ခန်းအတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဌာနာလမ်း အမှတ် ၅၅နေ ဦးကြင်ထွန်း-ဒေါ်ရှု (ချင်းရွှေဟော်)မိသားစုက တောင်စလင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တ နေမိန္ဒ (မန္တလေး)၏ ရှေ့မှောက်၌ အလှူငွေကျပ် ၁၃၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အောင်ပွဲရ ဂျူဒိုမောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၆ ခုနှစ် (၁၅)ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲနှင့် ပထမအကြိမ် ကမ္ဘောဒီးယား အရှေ့တောင်အာရှ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲမှ အောင်ပွဲရ ဂျူဒိုမောင်မယ်များအား ဂုဏ်ပြုပွဲနှင့် အလှူငွေ ပေးအပ်ပွဲကိုစက်တင်ဘာ၂၅ရက် ညနေ၆နာရီခွဲက အင်းလျားလမ်းရန်ကုန်တက္ကသိုလ် လှေလှော်အသင်းရှိ ရွှေရှမ်းကန် စားသောက်ဆိုင်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အောင်ပွဲရ ဂျူဒိုမောင်မယ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုစကား

အခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယက ဒေါ်မြင့်မြင့်အေးက အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက လက်ခံရယူသည်။ **(ဓါတ်ပုံ)**

ထို့နောက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသည့် (၁၅)ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခုရ ဂျူဒိုမောင်မယ်များနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင်ကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှအဆင့် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခုနှင့် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိသည့် အောင်ပွဲရ ဂျူဒိုမောင်မယ်များအား ဂုဏ်ပြုဆုငွေ များကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဂျပန်နည်းပြဆရာ Mr. Akira Szuki နှင့် Mr. Keiich Imasuoka တို့အတွက် ဂုဏ်ပြုလက်ဆောင်ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဆွတ်ခူးပေးခဲ့

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သည် ခြောက်လတာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲ သုံးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်လေးခု နိုင်ငံအတွက် ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်) သို့ ကြွရောက်ပြီး (၂၆)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်ပွဲများ ကျင်းပမည်ဖြစ်သည်။

ပထမပတ်အဓိဋ္ဌာန်ပွဲကို အောက်တိုဘာ ၅ ရက် ညနေမှ အောက်တိုဘာ ၁၂ ရက် နံနက်အထိ၊ ဒုတိယပတ် အဓိဋ္ဌာန်ပွဲကို အောက်တိုဘာ ၁၂ ရက်ညနေမှ ၁၉ ရက် နံနက် အထိ ဟောကြားပြသမည်ဖြစ်ရာ အဓိဋ္ဌာန်ပွဲ ဝင်ရောက်လိုသော ပုဂ္ဂိုလ်များသည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း-၆၃၈၀၈၈ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲများကို နိုဝင်ဘာ ၂၅ရက်နှင့် ၂၆ရက်များတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပမည်ဖြစ်သည်။

၁၃မျိုး

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀နှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀နှင့် မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀နှင့် မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၅၀နှင့် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀ x၄ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ x၄လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲနှင့် မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား ၁၃မျိုးထည့်သွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာရင်းများကို သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ နိုဝင်ဘာ ၁၅ရက် ညနေ ၄နာရီခွဲ နောက်ဆုံးထား၍ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ရုံးသို့ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး-အား/ကာ) ဖုန်း- ၅၅၇၄၃၂ သို့ ဆက်သွယ်နိုင်သည်။ **(မြန်မာ့အလင်း)**

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး

ယောနယ်အသင်း စာအောင်သံဃာတော်များ ဆုချီးမြှင့်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ယောနယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ (၃၈)ကြိမ်မြောက် ယောသံဃာတော်များအား ပူဇော်ကန်တော့ ဆွမ်းဆက်ကပ်ပွဲနှင့် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ဦးဆောင်၍ စာအောင်သံဃာတော်များဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အဘိဓမ္မရတနာဃရဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ သက်န်းနှင့် အလှူငွေများ ကိုယ်တိုင်တက်ရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့တစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ်(၆) လက်ကျန်ပွဲ
ပို့စ်မောက်အသင်း ပထမဆုံးရှုံးပွဲကြုံ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၂၆

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲစဉ်အဖြစ် ပို့စ်မောက်နှင့် ဘော်လ်တန်အသင်းတို့ စက်တင်ဘာ ၂၅ရက်က ယှဉ်ပြိုင်ကစားရာ ဘော်လ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပို့စ်မောက်နှင့်ဘော်လ်တန်တို့ပွဲတွင် ပို့စ်မောက်မှ လွှာလွှာ(ဝဲ)နှင့် ဘော်လ်တန်မှ ဖာရေးတို့ ဘောလုံးရရှိရေးကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပို့စ်မောက်အသင်းသည် ၄-၄-၂ပုံစံဖြင့် ကစားခဲ့ပြီး တိုက်စစ်အတွဲကို ကနူးနှင့် အမ်ဝါဂူဝါရီဖြင့် ထုတ်သုံးခဲ့ရာ တေလာ၊ မင်ဒက်စ်၊ အိုနေးလ်နှင့် ဒေးဗစ်တို့က အလယ်တန်းမှ တိုက်စစ်ကို ကူပေးခဲ့မှုကြောင့် ဘော်လ်တန်နောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။

ဘော်လ်တန်အတွက် အဖွင့်ဂိုးနှင့် အနိုင်ဂိုးကို ပွဲချိန် ၂၂မိနစ်၌ ဘော်လ်တန်မှ ကီဗင်နိုလန် သွင်းယူပေးခဲ့သဖြင့် ယင်းတစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကီဗင်နိုလန်အတွက် ၂၀၀၅ခုနှစ်မှ စတင်ကာ ဂိုးကံခေခဲ့ရာ ယခုဂိုးသည် သူ၏ပထမဆုံးဂိုးပင်ဖြစ်သည်။

ဘော်လ်တန်အသင်းသည် ဒိုင်အုပ်ဖ်၊ ကီဗင်ဒေးဗစ်နှင့် နီကိုလက်စ်အနယ်ကာတို့ဖြင့် တိုက်စစ်ဆင် ကစားခဲ့ရာ ပို့စ်မောက်အလယ်တန်းမှနေ၍ ဟန့်တားမှုနှင့် ပို့စ်မောက်ခံစစ်မှူးများကို မကျော်နိုင်ခဲ့မှုကြောင့် ဂိုးသွင်းခွင့် လေးကြိမ်သာရရှိခဲ့ပြီး သုံးကြိမ် အပိုင်ကန်သွင်းခဲ့ရာမှ တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ပို့စ်မောက်တို့က ဂိုးသွင်းခွင့် ၁၅ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးမျှ မရရှိခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲသည် ပရီမီယာလိဂ်၌ ခြေစွာနေသော ပို့စ်မောက်တို့၏ ပထမဆုံးရှုံးနိမ့်မှုဖြစ်သည်။ ။

(အင်တာနက်)

ချန်ပီယံလိဂ်ဖလား အာဆင်နယ်ဗိုလ်စွဲနိုင် နည်းပြ အာစင်ဝင်းဂါး ပြောကြား

လန်ဒန် စက်တင်ဘာ ၂၆

အာဆင်နယ်အသင်းအတွက် မိမိအနေဖြင့် ချန်ပီယံလိဂ်၌ ဗိုလ်စွဲအောင် ပြုလုပ်မပေးနိုင်ခဲ့မှုကြောင့် ပြီးပြည့်စုံသော ခံစားမှုမျိုးမရရှိသေးကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။



အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး။

ပြင်ဆင်လျက်ရှိ

ပြီးခဲ့သည့် ၂၀၀၅ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ဘာစီလိုနာကိုရှုံးပြီး ချန်ပီယံလိဂ်သရဖူကို လက်လွတ်ခဲ့ရသည့် အာစင်ဝင်းဂါးသည် ယခုအချိန်၌ ချန်ပီယံလိဂ်အတွက် အကောင်းဆုံးဖြစ်အောင် အာဆင်နယ်အသင်းကို ပြင်ဆင်လျက်ရှိသည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်သရဖူကို ရယူနိုင်စွမ်းရှိသော အသင်းဖြစ်ရာ မိမိလူများ ကြံ့ခိုင်မှုရှိနေရန်သာ အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ဝေလနှင့် ဆလိုဗက်ကီးယားပွဲတွင် ရိုင်ယန်ဂစ်မပါဝင်နိုင်

လန်ဒန် စက်တင်ဘာ ၂၆

လာမည့်အောက်တိုဘာ ၇ ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့် ယူရို-၂၀၀၈ ခြေစစ်ပွဲကစားမည့်ပွဲ၌ ဝေလ

ဝေလနည်းပြနှင့် ရိုင်ယန်ဂစ်။ (ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးရိုင်ယန်ဂစ်သည် ပါဝင် ကစားနိုင်ဖွယ်မရှိကြောင်း ဝေလအသင်းနည်းပြ ဂျွန်တိုရှိတ်က ပြောကြားလိုက်သည်။

ဝေလအသင်းအတွက် တိုက်စစ်မှူးလိုအပ်နေသော်လည်း ရိုင်ယန်ဂစ်၏ တံကောက်ကြောဒဏ်ရာမှာ သက်သာမှုမရှိသဖြင့် ပါဝင်နိုင်မည်မဟုတ်ဟု ၎င်းက ပြောကြားသည်။ ရိုင်ယန်ဂစ်အနေဖြင့် ဝေလအသင်းနှင့်အတူ ပါဝင်ကစားလိုသော ဆန္ဒရှိနေသော်လည်း ကြံ့ခိုင်မှုမပြည့်ဝဘဲရှိနေကြောင်း ဂျွန်တိုရှိတ်က ပြောကြားသည်။

ဘယ်လာမီ

သို့သော်လည်း ရိုင်ယန်ဂစ်မှာ အောက်တိုဘာ ၁၁ရက်တွင် ဆိုက်ပရပ်စ်နှင့်ကစားမည့်ပွဲတွင်မူ ပါဝင်ကစားဖွယ်ရှိကြောင်း သိရသည်။ ဝေလအသင်းတိုက်စစ်တွင် ရိုင်ယန်ဂစ်မပါဝင်သဖြင့် ဘယ်လာမီကိုအခြေပြုပြီး ကစားရမည်ဟု ဂျွန်တိုရှိတ်က ပြောကြားသည်။ **(အင်တာနက်)**

ထိပ်တန်းခြောက်သင်းစာရင်းတွင် အမြဲတမ်းရပ်တည်ရေး အခွင့်အလမ်းနည်းနေကြောင်း အက်စ်တွန်ဗီလာနည်းပြ ပြောကြား

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၆

အက်စ်တွန်ဗီလာအသင်းသည် ရာသီအစ ရှုံးပွဲမရှိသော်လည်း ရာသီကုန်ဆုံးချိန်တွင် ထိပ်တန်းခြောက်သင်းစာရင်းဝင် ဖြစ်နိုင်ရန် အခွင့်အလမ်းမရှိကြောင်း နည်းပြ မာတင်အိုနေးလ်က အခိုင်အမာ ပြောကြားလိုက်သည်။

အက်စ်တွန်ဗီလာ အသင်းမန်နေဂျာမာတင် အိုနေးလ်။
(ဓာတ်ပုံ-အင်တာနက်)

အိုနေးလ်သည် ပြီးခဲ့သည့်လက ဒေးဗစ်အိုလီယာရီ၏နေရာတွင် တာဝန်ယူခဲ့ပြီးနောက် အက်စ်တွန်ဗီလာအသင်း၏ ကံကြမ္မာကို ပြုပြင်ပြောင်းလဲစေခဲ့သည်။

အက်စ်တွန်ဗီလာအသင်းသည် ပရီမီယာလိဂ်ပွဲ ခြောက်ပွဲကစားအပြီး ၁၂မှတ် ရရှိထားသည်။ ယင်းရလဒ်မှာ ၁၉၉၈ခုနှစ် နောက်ပိုင်း ရာသီအစ အကောင်းဆုံး ရလဒ်ပင်ဖြစ်သည်။

ခုန်တက်

အက်စ်တွန်ဗီလာတို့ ပွဲစဉ်(၆)အပြီး အမှတ်ပေးဇယား ပဋ္ဌမနေရာသို့ ခုန်တက်လာသည်။

သို့သော် လာမည့် ရှစ်လတာကာလအတွင်း ယခု ရထားသည့် ပဋ္ဌမနေရာကို ထိန်းထားရန်မှာ တိုက်စစ်အား လျော့နေခြင်းကြောင့် ခက်ခဲပေလိမ့်မည်ဖြစ်ကြောင်း ဆဲလ်တစ်နည်းပြဟောင်းအိုနေးလ်က ပြောသည်။

မထိန်းနိုင်

အက်စ်တွန်ဗီလာအသင်းသည် စက်တင်ဘာ ၃၀ ရက်တွင် ချယ်လ်ဆီးအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ထိပ်တန်း ခြောက်သင်းစာရင်းဝင်အဖြစ် ထိန်းထားနိုင်လိမ့်မည်ဟု မထင်မိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြံ့ခိုင်မှု

မိမိတို့အသင်းတွင် အဓိကမဏ္ဍိုင်ကစားသမားများ ဒဏ်ရာရထားသဖြင့် အနည်းဆုံး ဇန်နဝါရီလအထိ လိုအပ်ချက်ဖြစ်နေလိမ့်မည်ဖြစ်ကြောင်း အဓိကကစားသမားများသည်အမြဲတမ်းကြံ့ခိုင်နေရန်လိုကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။ ။ **(အင်တာနက်)**

နယူးကာဆယ်တိုက်စစ်မှူး မာတင်အား အသေအချာဂိုးသွင်းရန် နည်းပြဂလင်းရိုဒါ ပြောကြား

လန်ဒန် စက်တင်ဘာ ၂၆

ပေါင် ၁၀သန်းတန် နယူးကာဆယ် တိုက်စစ်မှူး မာတင်အား အဲဗာတန်အသင်းနှင့်ပွဲတွင် ဂိုးသွင်းခွင့်များ လွဲချော်နေခြင်းကြောင့် ဂိုးရှေ့တွင် တည်တည်ငြိမ်ငြိမ်ဖြင့် စိတ်ကိုထားပြီး ကစားရန် နယူးကာဆယ်နည်းပြ ဂလင်းရိုဒါက တိုက်တွန်းလိုက်သည်။

အသက်၂၁နှစ်ရှိ အဆိုပါ ကစားသမား နိုင်ဂျီးရီးယား တိုက်စစ်မှူးသည် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် ဂိုးသွင်းခွင့်များစွာ လွဲချော်ခဲ့သည်။ သို့သော်လည်း တိုက်စစ်မှူးတင်ကာဟေးလ်က ခေါင်းတိုက်ဂိုးဖြင့် အဲဗာတန်အသင်းအတွက် တစ်မှတ်ရယူပေးနိုင်ခဲ့သည်။

စိတ်ပျက်မိ

တိုက်စစ်မှူး မာတင်ဂိုးမသွင်းနိုင်၍ မိမိအလွန် စိတ်ပျက်မိကြောင်း ရိုဒါက ပြောကြားသည်။ သူသည် အရည်အချင်းရှိသူ တိုက်စစ်မှူးဖြစ်သော်လည်း ရာသီအစပွဲများကပင် ဂိုးသွင်းခွင့်များ လွဲချော်နေသည်ဟု မိမိထင်မိကြောင်း နည်းပြ ဂလင်းရိုဒါက ဆိုသည်။

သို့သော်လည်း နယူးကာဆယ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန်၁၄မိနစ်တွင် အမီယိုဘီက သွင်းပေးခဲ့သည်။ သို့ရာတွင် တင်ကာဟေးလ်က ပွဲချိန်မိနစ်၄၀တွင် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နယူးကာဆယ်မှ ဘရမ်ဘဲလ်နှင့် အဲဗာတန်မှ ဟစ်ဘတ်တို့ နှစ်ဝါတစ်နီဖြင့်ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

(အင်တာနက်)

နယူးကာဆယ် တိုက်စစ်မှူး မာတင်။
(ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ် လက်ထောက်နည်းပြကီဗွ အသင်းမှ ကြေညာချက်ထုတ်ပြန်မည်

လန်ဒန် စက်တင်ဘာ ၂၅

နယူးကာဆယ်အသင်းမှ လက်ထောက်မန်နေဂျာ ကီဗင်ဘွန်းသည် လာမည့် ရက်များအတွင်း ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ရန် ၎င်းကလပ် အသင်းမှ မျှော်လင့်ထားသည်။

နယူးကာဆယ် လက် ထောက်နည်းပြ ကီဗင်ဘွန်း။
(ဓာတ်ပုံ-အင်တာနက်)

အသင်းမှထွက်

နည်းပြ ဂလင်းရိုဒါ၏ လက်ထောက်နည်းပြဘွန်းသည် ယခုလအစောပိုင်းက ယူအီးအက်ဖ်အေပွဲအဖြစ် အက်စတိုးနီးယားအသင်း လီဗာဒီယာနှင့် ယှဉ်ပြိုင်ကစားခဲ့သည်မှစ၍ ပါနိုရာမား စုံစမ်းစစ်ဆေးမှုများကြောင့် အစွပ်စွဲခံရကာ အသင်းမှထွက်သွားခဲ့သည်။

အမှားအယွင်းမလုပ်

သို့သော်လည်း နယူးကာဆယ်က ၎င်း၏ သတင်းနှင့်ပတ်သက်၍ အတည်ပြု ပြောကြားခြင်း မရှိခဲ့ပေ။ ကီဗင်ဘွန်းသည် နယူးကာဆယ်အသင်းဥက္ကဋ္ဌ ဖရက်ဒီနှင့် တွေ့ဆုံခဲ့ရာ တစ်စုံတစ်ရာ အမှားအယွင်းမလုပ်ခဲ့ဟု ကီဗင်ဘွန်းက ပြောကြားခဲ့သည်။

(အင်တာနက်)



စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ ဩဂုတ် ၂၀ ရက်က မုဒုံမြို့နယ် စည်ပင် သာယာရေး အဖွဲ့ပိုင် မြို့ရေပေးရေး ရေစက်ရုံရှိ ရေစစ်ကန်နှင့် ရေကြည်လှောင်ကန်ကိုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်မြင့်မားရေး နှစ်ပတ်တစ်ကြိမ်ဆန်းစစ် အားနည်းဘာသာရပ် အချိန်ထပ်ဆောင်း သင်ကြား သိပ္ပံဘာသာရပ်ဆိုင်ရာ လက်တွေ့ခန်းများအသုံးပြု

မန္တလေး စက်တင်ဘာ ၅

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်သည် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပညာရေးမှူးများ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ်၂၈ရက်က ကယားပြည်နယ် အထက ဒီမောဆို၊ အလက အင်ကုန်းနှင့် အလက ပန်ကန်းကျောင်းများသို့လည်းကောင်း၊ လွိုင်ကော်မြို့ပေါ်ရှိအထက(၁)၊ အထက(၂)၊ အထက(၃)၊ အလက(၅)နှင့် အမကဒေါဆာဆီကျောင်းများသို့ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ အထကနှင့် ပင်လောင်းမြို့နယ်ရှိ ဆောင်းပြောင်း တွဲဖက်အထက၊ ပင်ခွန်၊ နောင်တရား၊ တီကျစ်အထကများသို့လည်းကောင်း သွားရောက်ပြီး သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဩဂုတ် ၂၉ရက်က ကလောမြို့အထက(၁)နှင့် အထက(၂)၊ အောင်ပန်းအထက၊ ပင်းတယမြို့နယ် ကျုံးအထက်တန်းကျောင်းခွဲ၊ ရွာငံမြို့နယ် မြင်းကျဒိုးအထက်တန်းကျောင်းခွဲ၊ မြိုင်အထက်တန်းကျောင်းခွဲ၊ ရေဦးအထက်တန်းကျောင်းခွဲနှင့် ရွာငံအထက်တန်းကျောင်းများသို့ရောက်ရှိပြီး ပညာရည်မြင့်မားမှုအထောက်အကူပြု စာသင်ခန်းများ၊သိပ္ပံဘာသာရပ်ဆိုင်ရာ လက်တွေ့ခန်းများနှင့် ကျောင်းစာကြည့်တိုက်များကိုကြည့်ရှုစစ်ဆေးကြသည်။

ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား ၂၀၀၇ခုနှစ်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အရည်အချင်းရှိစွာဖြင့် အောင်ချက်မြင့်မားစေရေး၊ ပညာရေးပြက္ခဒိန်ပါ လစဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများလုပ်ဆောင်ရေး၊ ပညာရည်မြင့်မားစေရန် ဘာသာရပ်အလိုက် နှစ်ပတ်တစ်ကြိမ် ဆန်းစစ်ပေးရန်နှင့် အားနည်းသောဘာသာရပ်အတွက် ပုံမှန်စာသင်ချိန်ထက်အချိန်ထပ်ဆောင်းဖြည့်စွက် သင်ကြားပေးစေရေး၊ ပညာရည်မြင့်မားမှု အထောက်အကူပြုစာသင်ခန်းများနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ လက်တွေ့ခန်းများ အသုံးပြုစေရေးတို့ကို မှာကြားခဲ့သည်။ **(အပေါ်ပုံ)** (၃၁၃)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်

ပခုက္ကူ စက်တင်ဘာ ၁၅

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၏ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ၈ရက် နံနက်၉နာရီက ခရိုင်ရုံး ရုပ်မြင်သံကြားခန်းမ၌ကျင်းပရာ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးများနှင့် အဆင့်မြင့်သင်တန်းတက်ရောက်ကြပြီးသူများက သင်ကြားပို့ချကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက်မရောမြို့ ပိန်းနဲကုန်း-ခနောင်ကျေးလက် လမ်းကျောက်ချော ခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို ဩဂုတ် ၂၈ရက်က မွန်ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသန့်ဇင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကံပိုင်ရပ်ကွက် မဟာဝိဟာရလမ်းပေါ်ရှိ တံတားအခြေအနေကို ဩဂုတ်၂၃ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်လမ်းတိုင်းတွာ

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဖာထေးပြုပြင်မည့် စပါးကြီး-ဂေါ့ကျေးလက်လမ်းကို ဩဂုတ်၃၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းကွင်းဆင်းတိုင်းတွာ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လဆန်း ၇ ရက်
၂၈-၉-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ အဖိတ်နေ့ နှိုးဆော်ချက်
တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲပညာရှင်အဆင့် (အမျိုးသမီး)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့်ကာလပေါ်တေးများ)**
(၁) မြိုင် (ရီရီသန့်)
(၂) ဇာတိအာကာ (စိန်ဂျွန်းခင်မေ)
(၃) နွေဦးတေးသံ (မေလှမြိုင်)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆိပ်ခွန်မှ မြန်မာ့ရိုးရာချည်ထည်လုပ်ငန်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မေတ္တာစကား (ဝေမိုး-ကျွန်းလှ)
(၂) ဖတ်ဖွယ်ဖတ်ရာ မှုခင်းများ (ခင်မောင်ထွန်း-လမ်းမတော်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ဘာမြူဒါတြိဂံ၏လျှို့ဝှက်ချက်) (မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (သက်သတ်လွတ်ခရမ်းချဉ်သီး၊ထမင်းချဉ်)

ညနေပိုင်း

၁၆း၀၀ တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီးဖြေကြားတော်မူခဲ့သော ဝေဠုဒ္ဒါရေယျသုတ္တန်တရားတော်)
၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေးနှစ်သက်တေး
(၁) ကျောင်းသွားဖော် (ကိုမြင့်လွင်)
(၂) မေ့ကွက်ကိုရှာ(မဠ္ဈူသင်း)
(၃) မျက်လုံးဖွင့်ပြီး အိပ်ကြည့်ပါ (ဂီတာဖေဝင်း)
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ချစ်သူတိုင်းလည်းညားကြပါစေ (စန္ဒရားချစ်ဆွေ)
(၂) ချစ်တိုင်းမညား၊ ညားတိုင်းမချစ် (ခင်ညွန့်ရီ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ကွက်စိပ်အစီအစဉ် (တွံတေးဒဂုံဆရာညွန့်၏ ဓာတ်တော်ဝေခန်း)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်တာပဓာန (တင်တင်မြ)
(၂) ချစ်သူကိုယ်စား (ကိုကျော်ညွန့်)
(၃) မကြင်နာမောင်မုန်းတော့ (ခင်ထွေးမော်)
၂၀း၅၈ အဖိတ်နေ့ နှိုးဆော်ချက်

ချင်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်းလျော်ကြေးပေးအပ်

ဖလမ်း စက်တင်ဘာ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ချင်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်း၏ မီးအာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်တာဝန်ခံ ဦးဟန်ရွှေက မြန်မာ့အာမခံလုပ်ငန်း၏ ဆောင်ရွက်ပေးသည့် အာမခံလုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က မီးအာမခံလျော်ကြေးငွေ ကျပ်၃၃သိန်းကို သမဝါယမလီမိတက်ဥက္ကဋ္ဌ ဦးကုန်းစိန်အားလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်တာဝန်ခံ ဦးဟန်ရွှေက ငွေကျပ်၄၇ သိန်းကို ဦးငွန်ဟရမ်းအားလည်းကောင်း ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းဖြတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းလယ်ကျွန်းများ၊ လမ်းဘေးဝဲယာများနှင့် ပန်းခြံတို့တွင် စက်တင်ဘာ ၄ ရက်က ရာသီအလိုက်ပန်းများ မြေချစိုက်ပျိုးပြီး ပျိုးထုပ်နေရာများတွင် ပျိုးထုပ်အသစ်များထားရှိခြင်း၊ ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နေ အဘိုး ဦးအောင်ရွှေ၊ သမီး ဒေါ်အေးသီနှင့် မြေးများ မောင်ကျော်စိုး၊ ဆရာမ ဒေါ်ယဉ်ယဉ်မြင့်၊ ဆရာမ ဒေါ်သင်းသင်းချို မိသားစုတို့က ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ စေတီရုံတစ်ဆူအတွက် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့် ကုသရေး အထက်မင်းလှတွင် အသိပညာပေးရှင်းလင်း

အထက်မင်းလှ စက်တင်ဘာ ၁၀

မကွေးတိုင်း အထက်မင်းလှမြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်းများ မြို့နယ်အဆင့် အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက မင်းလှမြို့နယ် ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြဟန်က အဖွင့် အမှာစကား ပြောကြားပြီး မကွေးတိုင်း ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာ ဌေးမြင့်အောင်က မင်းလှမြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့် ကုသရေး လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ယင်းနောက် မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်သီစံက မင်းလှမြို့နယ်၏ ငှက်ဖျားရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းတင်ပြသည်။ (၀၇၆)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ဒေါ်ဝေဝေသန်း (သစ်တောသုတေသနဌာန-ရေဆင်း)နှင့် မမွှမိတ်ဆွေများက အလှူငွေကျပ် တစ်သိန်းလေးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရေတာရှည် နကျပ်ချောင်းပိတ်၍ နွေစပါးစိုက်ပျိုး ကျေးရွာလျှပ်စစ်မီး အသုံးပြုနိုင်

ရေတာရှည် စက်တင်ဘာ ၅

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နကျပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမှ တောင်သူဦးကြီးများ စုပေါင်းဆောင်ရွက်မှုကြောင့် ရေတာရှည်မြို့နယ် ဆွာစခန်းနယ်မြေ အရှေ့တောင်ခြေရှိ နကျပ်ကျေးရွာ အထက်တွင် နကျပ်ချောင်းအား ပိတ်၍ နှစ်စဉ်နွေစပါးဧက ၁၀၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ နွေစပါးစိုက်ပျိုးနိုင်ရုံသာမကဘဲ နကျပ်ချောင်းရေအားဖြင့် ကီလိုဝပ် ၃၀အင်အားရှိ ရေအားလျှပ်စစ်အသုံးပြုနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိဦးမြင့်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းနှင့် ဦးစိန်လှတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂ရက်တွင် ပြီးစီးခဲ့ပြီး ယခုကဲ့သို့ နကျပ်ကျေးရွာနေ အိမ်ခြေ ၂၄၀တို့ လျှပ်စစ်မီးအသုံးပြုနိုင်ကြသည်။

အဆိုပါ နကျပ်ချောင်းပိတ်ရေအားဖြင့် လျှပ်စစ်မီးရရှိသောနေရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများ ဩဂုတ် ၉ ရက်က သွားရောက်ကြည့်ရှုခဲ့ရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းခဲ့ကြသည်။ **(က-ပ)**

မြို့နယ်သတင်းများ

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သားငါး အရောင်းဆိုင်များနှင့် အခြားဈေးဆိုင်များ အလေးချိန်ခွင် ပြည့်ဝစွာ ရောင်းချမှုရှိ မရှိ ဩဂုတ် ၃၀ ရက်က ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ဥမ္မာဝင်းနှင့် ဝန်ထမ်းများ လိုက်လံစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စာသင်ခုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ညောင်လေးပင် စက်တင်ဘာ ၂၀

ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ စာသင်ခုံများ၊ စာရေးကိရိယာများ လှူဒါန်းပွဲနှင့် အာဟာရကျွေးမွေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁၂ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ရွာသစ်အမကဌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စာသင်ခုံ လေးစုံနှင့် စာရေးကိရိယာများကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လှနှင့် အမျိုးသမီးရေးရာ လူမှုရေးနှင့် ယဉ်ကျေးမှုတာဝန်ခံ ဒေါ်လှကြည်၊ စီမံရေးရာနှင့် စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ ဒေါ်ညွှန့်ညွှန့်ရွှေ၊ လူနေမှုဘဝမြှင့်တင်ရေးတာဝန်ခံ ဒေါ်ခင်သန်းလှိုင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမေအေးတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအေးကောင်းက လက်ခံရယူပြီး **(အောက်ပုံ)** ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားကာ ကျောင်းသား ကျောင်းသူ ၈၆ ဦးတို့ကို အာဟာရကျွေးမွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

ရောဝတီတိုင်း တိုင်းအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး၊ပြိုင်ပွဲ အသက် ၁၀ နှစ်မှ ၁၅နှစ်အထိ အကပြိုင်ပွဲတွင် ပထမဆုရရှိသော ရောဝတီတိုင်း သာပေါင်းမြို့နယ် စက်ဒေါင့်ကြီး အထကမှ မကျော့ကျော့ခိုင်အား တိုင်းအဆင့် တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။

(တိုင်း ပြန်/ဆက်)

ကျန်းမာသန့်ရှင်းရေး ညီညွတ်ရန် ဆောင်ရွက်

ကလေး စက်တင်ဘာ ၁၀

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကလေးမြို့တွင်ရောင်းချသော ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်များနှင့် စက်ရုံ အလုပ်ရုံများတွင် ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စွာဖြင့် လိုက်နာဆောင်ရွက်မှု ရှိစေရေးအတွက် ဩဂုတ် ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် သန့်ရှင်းရေးဌာနစိတ်မှ ဒုတိယဦးစီးမှူး ဦးတင့်လွင်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်ကြသည်။

(မြို့နယ် စည်ပင်)

သားငါးဈေးဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်ရန် ယင်လုံဆန်ခါဖြင့်ရောင်းချ

ဘူးသီးတောင် စက်တင်ဘာ ၈

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ကျန်းမာရေးနှင့်ညီညွတ်ပြီး လတ်ဆတ်စေရန်အတွက် သားငါးတန်းများတွင် ဈေးဆိုင်များ ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုကို ဩဂုတ် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးမြင့်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

စလင်းမြို့ မဈေး ကွင်းဆင်းစစ်ဆေး

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အသားရုံများတွင် ယင်လုံဆန်ခါဖြင့် အသားများ ဖုံးအုပ်ရောင်းချမှုကို စက်တင်ဘာ ၅ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဦးစီးအရာရှိ ဒေါ်သီသီလင်းနှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၂၆) မြစပယ်လမ်း ပါရမီရိပ်သာ မရမ်းကုန်းမြို့နယ်နေ သူရ ဦးထွန်းတင်-ဒေါ်မြင့်မြင့်သိန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က-ပ)

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ ဓမ္မသဘင်များ၌တရားတော်များဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၆

မန္တလေးမြို့ ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် အောက်တိုဘာ ၁ ရက် ညတွင် မဟာဝိသုဒ္ဓါရာမစာပြန်ပွဲ ၆၂ လမ်း မန္တလေးမြို့၊ ၂ ရက်ညတွင် ရွှေကွန်ချာဘုရား အမရပူရမြို့၊ ၃ ရက်ညတွင် စလွယ်သိမ်းဓမ္မာရုံ ချမ်းမြသာစည် မန္တလေးမြို့၊ ၄ ရက်ညတွင် အနော်မာကထိန် မန္တလေးမြို့၊ ၅ ရက် ညတွင် စော်ရဲရွာ စဥ့်ကိုင်မြို့၊ ၆ ရက် ညတွင် ရတနာထွန်း ဓမ္မာရုံ ၃၄ လမ်း မန္တလေးမြို့၊ ၇ ရက် ညတွင် ရှင်ဘိုမယ်ဘုရား မန္တလေးမြို့၊ ၈ ရက်ညတွင် သစ်လွင်ဓမ္မာရုံ မန္တလေးမြို့၊ ၉ ရက် ညတွင် ဘေသဇ္ဇဓမ္မာရုံ စစ်ကိုင်းမြို့၊ ၁၁ ရက်နှင့် ၁၂ ရက် ညများတွင် သမိန်ထောရွာ ဖျာပုံမြို့၊ ၁၃ရက်ညတွင် နေရာဘုံဘုရား ရွှေဘိုမြို့၊ ၁၄ ရက် ညတွင် ပုညကာရီ လက်ရွေး မြောက်ပိုင်း မန္တလေးမြို့၊၁၅ရက်ညတွင် တဝဂုဘုရား ၁၉ လမ်း မန္တလေးမြို့နှင့်၁၇ရက်ညတွင် ပုညသဟာယ ၁၀ လမ်း မြောက်ပြင် မန္တလေးမြို့ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ပညာရာမိက မဟာ(A.B)ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သီလဝံသမဟာထေရ်မြတ်အား နိုင်ငံတော်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းအတွက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို စက်တင်ဘာ၂၃ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး စိုးလွင်က ဆရာတော်ထံ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းစဉ်။ (၃၅၂)

ရန်ကင်းမြို့နယ် အမှတ်(၁၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအဆောက်အအုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေး၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် အဖွဲ့ဝင် ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေလာစို့

ကွင်းဆင်းတိုင်းတာ

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြီးကြပ်မှုဖြင့်မြို့တွင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့တွင်းလမ်းများ မြေအနိမ့်အမြင့် တိုင်းတာခြင်းလုပ်ငန်းကို ဩဂုတ် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးကျော်ကျော်နိုင် ဦးဆောင်သောအဖွဲ့ ကွင်းဆင်း တိုင်းတာကြစဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကြီးက ကော့ကရိတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သီးနှံစိုက်ခင်းကို ဩဂုတ် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသိန်းဝင်းက ဝန်ထမ်း အိမ်ရာဝင်း အတွင်း စိုက်ပျိုးထားသည့် ရာသီပေါ် သီးနှံစိုက်ခင်းတွင် ဝန်ထမ်းများစိုက်ပျိုးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်မိုင်းဖြတ်၌ဖွင့်

မိုင်းဖြတ် စက်တင်ဘာ ၁၈

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်က မိုင်းဖြတ်မြို့နယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းဖြတ်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ် ဆရာဝန်ဒေါက်တာသန်းမြင့်က အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ မိုင်းဖြတ်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်နှင့် ကြက်ခြေနီနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကွင်းဆင်းစစ်ဆေး

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုး၊ စိုင်ပြင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စက်တင်ဘာ ၁၆ ရက်က စိုင်ပြင် စံပြကျေးရွာဈေးတွင် အိုင်အိုဒင်းဆား ရောင်းချနေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၁ လမ်း၊ အမှတ် ၆၆ နေ ဦးမျိုးလွင် ၁၀/မလမ(နိုင်)၀၂၆၇၈၄သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် IV-၁၃၁၀(၁၉၉၉)အရ မိမိတစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။



မှတ်ပုံတင်သွင်းသူ ဦးမျိုးလွင်သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်အမှတ် ၇က/လတ်/၂၀၇၉အရ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန်(၂)၊ အမှတ်(၁၃၃၄)ရှိ စက်ရုံမှ အဆိုပါ ကုန်အမှတ်တံဆိပ် ရွှေရောင်ခေါင်းလောင်းပုံနှင့် အင်္ဂလိပ်စာသားဖြင့် "GOLDEN BELL" မြန်မာစာသား "ရွှေခေါင်းလောင်း"ဟူသော အမည်အမှတ်အသားကို အသုံးပြု၍ ပလတ်စတစ်အိတ်ပါး၊ ပလတ်စတစ်အိတ်၊ လက်ဆွဲအိတ်စသော ပလတ်စတစ်ဖြင့်ပြုလုပ်သော အိတ်အမျိုးမျိုးတို့ကို ထုတ်လုပ်ကာ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိသည်။

ယခုအခါ အဆိုပါရွှေခေါင်းလောင်းပုံပါ ကုန်အမှတ်တံဆိပ်နှင့် "GOLDEN° BELL" (ရွှေခေါင်းလောင်း)အမည်အမှတ်အသားပါ ပလတ်စတစ်အိတ်ပါးနှင့် လက်ဆွဲအိတ်များ၏ အရည်အသွေးကောင်းသော ဂုဏ်သတင်းကို အခွင့်ကောင်းယူကာ အဆိုပါတံဆိပ်ကို ပုံတူကူးယူ၍ ပလတ်စတစ်အိတ်ပါးများ တုပပြုလုပ်၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရပါသည်။

ယင်းသို့ ဖြန့်ဖြူးသူများအနေဖြင့် ဤကြေညာပါသည့်နေ့မှစ၍ အဆိုပါရွှေခေါင်းလောင်းပုံနှင့် ရွှေခေါင်းလောင်း အမည်အမှတ်အသားကိုတုပ၍ ပလတ်စတစ်အိတ်ပါးနှင့် လက်ဆွဲအိတ်များကိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)
YE°NOOS & ASSOCIATES (Law Firm)
အမှတ် ၃၀(ပထမထပ်)၊ ၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၆၀၉၄ Toyota Corona/SL ယာဉ်လက် ဝယ်ရှိသူ အမည် ဦးထွန်းမြတ်အေး မှတ်ပုံတင်အမှတ် ၁၂/သကတ(နိုင်)၁၃၆၉၂၅က ယာဉ်မှတ် ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်မြို့)။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံ တိုးတက်ရောင်းချနိုင်ရေး မှာကြား

ရန်ကုန် စက်တင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ဈေးမြောက်လမ်းရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် စွယ်တော်ပတ်လမ်းရှိ နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း ***စာမျက်နှာ ၇ ကော်လံ ၁*** ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမေရိကန်အနေဖြင့် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် ပြည်တွင်း မငြိမ်မသက်ဖြစ်အောင်နှင့် ပြည်သူလူထု စားဝတ်နေရေးကျပ်တည်းအောင် လုပ်ဆောင် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကိုနှောင့်ယှက်

အမေရိကန်၏ သွယ်ဝိုက်သော လုပ်ဆောင်ချက်များအပေါ် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ကန့်ကွက်ရှုတ်ချ

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၏ သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၀၆)

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံအား ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး

(က) မြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော မူဝါဒနှင့်သွေဖည်နေသည်ဖြစ်၍ ပျက်စီးရာပျက်စီးကြောင်း တမင်ကြံရွယ် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆသည်။

(ခ) လမ်းစဉ်(၇)ရပ်အရ နိုင်ငံတော်၏ လူထုလူတန်းစားအသီးသီးတို့ကို အခြေခံပြီး ကျင်းပပြုလုပ်နေသည့် ပြီးမြောက်အောင်မြင်တော့မည့် အမျိုးသားညီလာခံအပေါ် နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆသည်။

(ဂ) နိုင်ငံတော်၏ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်မှုဖြစ်သည်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နှောင့်ယှက်ဟန့်တားမှုဖြစ်သည်ဟု ယူဆသည်။

၃။ ကျွန်ုပ်တို့ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် တပ်မတော်အစိုးရနှင့် စတင်လက်တွဲခဲ့သည့်အချိန်မှ ယနေ့အချိန်အထိ တစ်ခါမျှ မကြုံတွေ့ခဲ့ဖူးသေးသည့် နယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ရရှိခံစားလျက်ရှိနေရပါသည်။ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု ရှိနေသည်မှာလည်း လက်တွေ့ကျသော အတွေ့အကြုံများဖြစ်နေသဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးအခြေအနေကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို မည်သို့မျှ ထိခိုက်လာစရာ အကြောင်းမရှိပါ။

၄။ ထို့ကြောင့်အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်တွင်းရှိ ပြည်သူလူထုများ စားဝတ်နေရေးကျပ်တည်းအောင် လုပ်ဆောင်ခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်စွက်ဖက်ခြင်း စသည်တို့ကြောင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အမေရိကန်၏ သွယ်ဝိုက်သော လုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာသည်။

ဦးသာထူးကျော်
ဥက္ကဋ္ဌ၊ ဗဟိုဌာနချုပ်
တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး